# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်လေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှလေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိ

## ဒေသတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်လေဆိပ်သို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် မူးယစ်တိုက်ဖျက်

ယခုရက်သတ္တပတ်ကာလအတွင်း မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန်၊ ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ငွေကျပ် ၄ ဒသမ ၉၄၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်းကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ ငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်းကျော် ဖမ်းဆီးရမိသည့်သတင်းများ ကြားသိခဲ့ရပါသည်။

ဤမျှများပြားသော မူးယစ်ဆေးဝါးများကို ရက်ပိုင်းအတွင်း ဖမ်းဆီးရမိလိုက်သဖြင့် လူငယ်လူရွယ်များနှင့် မိသားစုပတ်ဝန်းကျင်သို့ ကျရောက်လာနိုင်သည့် အန္တရာယ်ဆိုးကို တားဆီးလိုက်နိုင်ပေသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများသည် မြန်မာနိုင်ငံအတွက်သာမက အခြားနိုင်ငံများအတွက်ပါ အန္တရာယ်ကြီးမားသည်ကို လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရပေသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ခေတ်အဆက်ဆက်အစိုးရများက အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည့်ကြားမှ အဆက်မပြတ် ဖမ်းဆီးရမိလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရှင်သန်ကြီးထွားနေသော မူးယစ်ဆေးဝါးပြဿနာသည် ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ဆိုးမွေအဖြစ် ကျန်ရစ်ခဲ့သည့် ဘိန်းစိုက်ပျိုးခွင့်၊ သုံးစွဲခွင့်ပြုသဖြင့် ရရှိခဲ့သည့်အမွေဆိုးဖြစ်သည်။ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက် ဦးစားပေးတိုက်ဖျက်ခဲ့သော်လည်း ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများနှင့် ယနေ့ထက်တိုင် ရောယှက်နေသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများမှာ အမြစ်မပြတ်နိုင်ဘဲ ရှိနေခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်သဖြင့် ပိုမိုအရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။

၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဗြိတိသျှနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရာ ကိုလိုနီနယ်ချဲ့စနစ်ဆိုး၏ ဆိုးမွေအားလုံးကို မြန်မာပြည်သူတစ်ရပ်လုံး ခံစားခဲ့ကြရသည်ကို အားလုံးအသိပင်ဖြစ်သည်။ ခံစားခဲ့ရသည့်ဆိုးမွေများထဲတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့ထက်ထိ ခံစားနေရသောဆိုးမွေများမှာ လက်နက်ကိုင်ပဋိပက္ခများ၊ ဘိန်းသုံးစွဲမှု၊ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက် အိန္ဒိယနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သည့် ၁၈၇၈ ခုနှစ် ဘိန်းအက်ဥပဒေကို ၁၉၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သည်။

သို့သော် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အာဏာသက်ရောက်ခြင်းမရှိပေ။ ရှမ်းပြည်နယ်တွင် လူတစ်ဦးလျှင် ဘိန်း ၂၅ တိုလာ (၂၉၂ ဂရမ်) လက်ဝယ်ထားခွင့်ပြုခဲ့သဖြင့် ဘိန်းစွဲသူဦးရေ တိုးပွားလာခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် ဘိန်းဆိုင်ပေါင်း ၂၁၆ ဆိုင်ဖွင့်လှစ်ပြီး မှတ်ပုံတင်ဘိန်းစွဲသူများအား တရားဝင်ရောင်းချစေခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင် နယ်စပ်ဒေသတောင်ပေါ်တိုင်းရင်းသားများ အခက်အခဲမရှိအောင် လျှော့ပေါ့ပေးခဲ့သော်လည်း မူးယစ်ဆေးဝါးပြဿနာမှာ တစ်နေ့ထက်တစ်နေ့ကြီးထွားလာသဖြင့် မူးယစ်ဆေးဝါး ထိန်းချုပ်တားဆီး၊ တိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးများကို အဆက်မပြတ်ဆောင်ရွက်ခဲ့ရာ တပ်မတော်သားအမြောက်အမြား၏ အသက်ခန္ဓာများ စွန့်လွှတ်ပေးဆပ်ပြီး ထိရောက်စွာနှိမ်နင်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများရောင်းဝယ်ဖောက်ကားမှု တားမြစ်ပိတ်ပင်သည့် ၁၉၈၈ ခုနှစ် ကွန်ဗင်းရှင်းစာချုပ်ဝင်အဖြစ် ၁၉၉၁ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂ၏ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ စာချုပ်အဖွဲ့ဝင်အဖြစ် ၁၉၉၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့အပြင် အိမ်နီးချင်းနိုင်ငံအချို့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များ၊ အစီအစဉ်များတွင် သဘောတူလက်မှတ်ရေးထိုးပြီး နိုင်ငံအချင်းချင်းနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံသာမက နိုင်ငံအများကြုံတွေ့နေရသောပြဿနာအဖြစ် ဆက်လက်ဖြစ်ပေါ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် အရှိန်အဟုန်မြှင့်တင် ဆက်လက်တိုက်ဖျက်လျက်ရှိပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## တီးတိန်မြို့၌ လူငယ်အသိပညာပေးဟောပြောပွဲ ပြုလုပ်

**တီးတိန် ဇန်နဝါရီ ၂၀**

ချင်းပြည်နယ် တီးတိန်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ တီးတိန်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လူငယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က လူငယ်နှင့်စာဖတ်ခြင်း၊ နည်းပညာအသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန နည်းပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးထန်ကိမ်းခိုင်က လူငယ်နှင့်နည်းပညာ၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခိုင်ခန့်တွန့်က လူငယ်နှင့်ပညာရေးခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် ဆောင်ရွက်ကြရာ ကျောင်းသား ကျောင်းသူများက စာအုပ်၊ စာစောင်များကို လေ့လာကြကြောင်း သိရသည်။

မိုးမိုး

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

### ❂ ရှေ့ဖုံးမှ
## ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

ထို့နောက် လေဆိပ်ညွှန်ခန်းမ ဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လေဆိပ် သမိုင်းအကျဉ်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လျာထား ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပုသိမ်လေယာဉ်ကွင်းကို ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ရန် ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးသည် ခရီးသွားလာရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် နာမည်ကျော် ကမ်းခြေများအပါအဝင် သဘာဝ အလှအပများ၊ ဒေသထွက်အစားအသောက်များနှင့် အခြားအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း လေဆိပ်အဆင့်မြှင့်တင်ခြင်းအပြင် တိုင်းဒေသကြီးအတွင်းရှိ ကားလမ်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးကင်းလုံခြုံရေးကို အလေးထား ဆောင်ရွက်သွားကြရန်လိုပြီး လုပ်ငန်းအဆင့်အလိုက် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧရာရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရှေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များအား အသီးသီးတင်ပြ

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ၊ ဆားထုတ်လုပ်မှုနှင့်ဒေသထွက်ဆားများ ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ဆောင်ရွက်လျက်ရှိမှုနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးမှုများပြုလုပ်၍သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အထွေထွေတင်ပြချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ပုသိမ်-ချောင်းသာနှင့် ပုသိမ်-ငွေဆောင်တို့အား ဆက်သွယ်ထားရှိသည့် လမ်းကြောင်းများပေါ်ရှိ ဘေလီတံတားနှစ်စင်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးအတွက် ပုသိမ်မြို့အဝင်၌ အဆင့်မြင့် ကုန်စည်ကားဝင်းတစ်ခု ဆောင်ရွက်ပေးစေလိုမှု၊ ရန်ကုန်-ပုသိမ် ကားလမ်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

### တင်ပြချက်များနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆွေးနွေး တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာညွန့်ဖေတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပြန်လည်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနအလိုက် စီမံဆောင်ရွက်ပေးရန်နှင့် ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်သည်များကို တတ်နိုင်သရွေ့ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမ အသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့်သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်၊ ဝါး၊ ကြိမ် စသည်တို့အပါအဝင် သစ်တောသယံဇာတများမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တစ်နိုင်ငံလုံး၏ ဆားလိုအပ်ချက်ကို အဓိကဖြည့်ဆည်းပေးနေသည့် ဒေသတစ်ခုဖြစ်ပြီး ခေတ်မီနည်းစနစ်များကို အသုံးပြု၍ အဆင့်မီစွာ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူ ဖြစ်စေနိုင်မှု၊ ပုသိမ်-ချောင်းသာ၊ ပုသိမ်-ငွေဆောင် လမ်းကြောင်းပေါ်ရှိ ဘေလီတံတားအား အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ရန်ကုန်-ပုသိမ် လမ်းကြောင်းအား အဆင့်မြှင့်တင်ပေးစေလိုမှုတို့အပေါ် ရေရှည်စီမံချက်များချမှတ်၍ နှစ်အလိုက် ခွင့်ပြုဘတ်ဂျက်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားနိုင်ရေး၊ တိုင်းဒေသကြီးအတွင်း ပညာရေးဝန်ထမ်းများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံအတွက် အားကိုးအားထားရပြီး ရေခံမြေခံနှင့် ခြေခံကောင်းများပိုင်ဆိုင်ထားသည့် တိုင်းဒေသကြီးဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးသည်မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ရေခံမြေခံကောင်းနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိကြောင်း၊ ပညာရေးနှင့် ပတ်သက်၍လည်း ဧရာဝတီ တိုင်းဒေသကြီးသည် ကျောင်းတက်ရောက်သူ ဦးရေအများဆုံး၊ ကျောင်းနေထိုင်မှုနှင့် အောင်ချက်ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အနာဂတ်အတွက် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးတွင် အမြဲတမ်း နေထိုင်လျက်ရှိသည့် မြို့မိမြို့ဖများအနေဖြင့် အတွေ့အကြုံရှိပြီး ဒေသအတွက် အကျိုးပြုနိုင်မည့် အစုအဖွဲ့များစုဖွဲ့၍ ဒေသ၏ အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ပုသိမ်လေဆိပ်ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ လေယာဉ်များ ဆင်းသက်နိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး စီမံလျက်ရှိကြောင်း၊ ဒေသတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်သွယ်ရေး လမ်းကြောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်သဖြင့် လမ်းကြောင်းများပေါ်ရှိ မြို့ရွာများ စနစ်ကျနမှုရှိစေရေး၊ သန့်ရှင်း သာယာလှပရေးကို ဆောင်ရွက်ကြရန်လိုပြီး မြို့ပြစီမံကိန်းများအနေဖြင့် စနစ်ကျနရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသနှင့်တိုင်းပြည်အကျိုးကို ကြည့်၍ အချိန်ကာလ အပိုင်းအတာတစ်ခုအတွက်သာ အဆင်ပြေရန် မဟုတ်ဘဲ အနာဂတ်အတွက် အဆင်ပြေအောင် စီမံဆောင်ရွက်ကြစေလိုကြောင်း။

ယခင်က ပုသိမ်ဒေသအနေဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ဆောင်ရွက်ရာတွင် စာမျက်နှာ ၄ သို့ ✫




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအားတွေ့ဆုံအမှာစကား ပြောကြားစဉ်။

★ **ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ရေခံမြေခံကောင်းနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိ**

★ **အနာဂတ်အတွက် အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် တိုင်းဒေသကြီးတွင် အမြဲတမ်း နေထိုင်လျက်ရှိသည့် မြို့မိမြို့ဖများအနေဖြင့် အတွေ့အကြုံရှိပြီး ဒေသအတွက်အကျိုးပြုနိုင်မည့် အစုအဖွဲ့များစုဖွဲ့၍ ဒေသ၏အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်**

☆ စာမျက်နှာ ၃ မှ

ရေကြောင်းကိုသာ အဓိကအသုံးပြု၍ ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိ အချိန်တွင်လည်း ရေကြောင်း ခရီးသွားလာရေး၊ ရေကြောင်းကုန်စည် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းရှိ ရထားပို့ဆောင်ရေးခရီးစဉ်များကိုလည်း အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်း၊ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ခြင်းနှင့် မီးရထားဖြင့် သယ်ယူပို့ဆောင်ခြင်းဟူ၍ရှိပြီး မီးရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စက သက်သာစွာဖြင့် ခရီးသည်အများအပြားကို လိုရာခရီးကို ပို့ဆောင်ပေးနိုင်သကဲ့သို့ ကုန်စည် အမြောက်အမြားကိုလည်း ရထားလမ်းကွန်ရက်ရှိရာ ဒေသအသီးသီးကို စရိတ်ကုန်ကျမှုအနည်းဆုံးဖြင့် အချိန်တိုအတွင်း ပို့ဆောင် ပေးနိုင်သောကြောင့် အားပေး ဆောင်ရွက်သွားကြရန်လိုပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားစဉ်။

ရောဝတီ တိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိ အထွက်နှုန်းထက် ပိုမိုတိုးတက်အောင်ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး စိုက်ဧကတိုးချဲ့ ဆောင်ရွက်ခြင်းထက် အထွက်နှုန်း ကောင်းမွန်စေရေးနှင့် သီးထပ် စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သမားရိုးကျစိုက်ပျိုးခြင်း နည်းလမ်းများကိုသာ အသုံးပြုနေ၍မရဘဲ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ကို အသုံးပြု၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များလိုအပ်ပြီး မိမိတို့ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ လယ်ယာစိုက်ပျိုးမှုများသည် အကွက်ငယ်များဖြင့်စိုက်ပျိုးကြသဖြင့် အနည်းဆုံးကွက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သကဲ့သို့ အထွက်နှုန်းများ သည်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ မြေများကို စနစ်တကျပြုပြင်၍ ကောက်ကွက်များ ပြည့်မီအောင် စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းများ ကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က လိုအပ်သည်များကို ဖြည့်ဆည်းပေးမည် ဖြစ်သဖြင့် ဒေသခံများ၊ လုပ်ငန်းရှင်များက အမှန်တကယ်အလုပ်လုပ်ရန်နှင့် အောင်မြင်ရန်လိုကြောင်း။

အလားတူ ရောဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ငါး လိုအပ်ချက်များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် ငါးမျိုးများ မွေးမြူရေး လုပ်ငန်းများအပြင် ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကျွဲ၊ နွား စသည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ရောဝတီတိုင်းဒေသကြီး အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများအား အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် ဒေသတစ်ခုဖြစ်သဖြင့် အလေးထား ဆောင်ရွက်ကြစေလိုပြီး ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာ တင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ပြီး အမှန်တကယ် အလုပ်လုပ်ကြမည်ဆိုပါက မိမိတို့အနေဖြင့် ပြည်ပသွင်းကုန်များကိုလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကိုကြည့်၍ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

ရောဝတီတိုင်းဒေသကြီး၌သစ်၊ ဝါး၊ ကြိမ်ကို အခြေခံသည့် စက်မှုထုတ်ကုန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ တစ်ဖက်တွင်လည်း သဘာဝမှရရှိသည့်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း၌ အရိပ်ရလေကာပင်များ၊ သစ်ပင်သစ်တောများကိုလည်း စိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍မရဘဲ ဖြစ်လာသည့်အချိန်တွင် ရင်ဆိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားမည်ဆိုပါက ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ ဒီရေတောများသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်း ဖြစ်နိုင်သမျှအရေအတွက်များများ စိုက်ပျိုးထားရှိရန်လိုကြောင်းနှင့် သစ်၊ ဝါး၊ ကြိမ်တို့ကို အောင်မြင်အောင် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးနှင့် ပတ်သက်၍ တတ်နိုင်သရွေ့ မိမိကိုယ်ကို ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ကြရန်လိုပြီး ဒေသတွင်း ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များကို နိုင်ငံတော်မှ တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်း ကျန်းမာရေးကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းမှုရှိမှသာလျှင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို ကျန်းမာရေး ကောင်းမွန်အောင် ဂရုစိုက်နေထိုင်ခြင်းဖြင့် ကျန်းမာရေးအတွက်ကုန်ကျမည့် ငွေကြေးများကိုလည်း သက်သာစေနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအနေဖြင့် နိုင်ငံ့အကျိုး၊ဒေသအကျိုးကိုဖော်ဆောင်ရာတွင် အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး အားလုံး အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများနှင့် တံတားများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ၊ ရောဝတီအပြည်ပြည်ဆိုင်ရာ စက်မှုဆိပ်ကမ်းနှင့် စက်မှုဇုန်များအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ရောဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်လျက်ရှိပြီး လက်ရှိအထွက်နှုန်းထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး စိုက်ဧကတိုးချဲ့ဆောင်ရွက်ခြင်းထက် အထွက်နှုန်းကောင်းမွန်စေရေးနှင့် သီးထပ်စိုက်ပျိုးခြင်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို**

# ထိုင်းနိုင်ငံသို့ MoU အလုပ်သမားများ အဆင်ပြေရန် ရန်ကုန်-ဒွန်မောင်း လေကြောင်းခရီးဖြင့် စေလွှတ်မည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံသို့ MoU အလုပ်သမားများ အဆင်ပြေရန်အတွက် ရန်ကုန်-ဒွန်မောင်း လေကြောင်းခရီးဖြင့် စေလွှတ်မည်ဖြစ်ကြောင်း မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF)မှ သိရသည်။

ဇန်နဝါရီ ၃ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် ထိုင်း-မြန်မာ နှစ်နိုင်ငံ ညွှန်ကြားရေးမှူးများအဆင့်အစည်းအဝေးတွင် MoU စနစ်ဖြင့် အလုပ်သမားစေလွှတ်ခြင်းကို ရန်ကုန်-ဒွန်မောင်းလေဆိပ်များ၌ဆောင်ရွက်နိုင်ရေး သဘောတူညီခဲ့ပြီးဖြစ်ကြောင်း သိရသည်။

“ဒွန်မောင်းလေဆိပ်ကနေ သွားဖို့က ဟုတ်ပါတယ်။ MoU ကကျတော့ လမ်းနှစ်ကြောင်းပဲရှိတယ်။ မြဝတီနဲ့ကော့သောင်းပဲရှိတာကို။ မြဝတီလမ်းကြောင်းကလည်း ပိတ်နေရတဲ့အခါမှာ ကလေးတွေက ဒုက္ခရောက်တယ်။ အဲဒါကြောင့် ကော့သောင်းလမ်းကို ပွင့်အောင်လုပ်တော့ ကော့သောင်းလမ်းကလည်းပွင့်ပြီ။ ဒါပေမဲ့ ကော့သောင်းလမ်းကကျတော့ ကားလမ်းကသွားလို့မရဘူး။ လေယာဉ်နဲ့သွားနေရတော့ လေယာဉ်စရိတ်က တစ်သိန်းခွဲကနေ လေးသိန်းခွဲအထိရှိတယ်။ အဲဒီတော့ ရန်ကုန်-ဒွန်မောင်းဆိုရင် စရိတ်က သက်သာနေသေးတော့ MOEAF အနေနဲ့ အလုပ်သမားဝန်ကြီးဌာနကို တင်ပြပြီးတော့ ရန်ကုန်-ဒွန်မောင်း လေကြောင်းလိုင်းဖွင့်ဖို့အတွက် နှစ်နိုင်ငံဆွေးနွေးဖို့တင်ပြတာ။ ဆွေးနွေးချက်အရ နှစ်နိုင်ငံညှိနှိုင်းပြီး ဆွေးနွေးလိုက်တဲ့အခါ ဟိုဘက်ကလည်းလက်ခံတယ်ဆိုတော့ အဆင်ပြေသွားပြီ”ဟု MOEAF မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ လေကြောင်း ခရီးစဉ်လမ်းကြောင်းမှ စေလွှတ်ခြင်းကို လာမည့်ဖေဖော်ဝါရီလတွင် စတင်နိုင်မည်ဟု မျှော်မှန်းထားကာ စေလွှတ်ရန် လိုအပ်သည့် လုပ်ငန်းစဉ်များမှာလည်း ပြီးစီးသည့် အခြေအနေဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

အေဂျင်စီများအနေဖြင့်လည်း ပုဂ္ဂလိက သို့မဟုတ် Charter လေကြောင်းလိုင်းများဖြင့် စေလွှတ်နိုင်ပြီး ပုဂ္ဂလိကဖြင့် စေလွှတ်ပါက လေကြောင်းလိုင်းထိန်းသိမ်းရေးဌာနသို့ ညှိနှိုင်းအကြောင်းကြားရန် မလိုအပ်သော်လည်း Charter ဖြင့်စေလွှတ်ပါက ထိုင်းနိုင်ငံ၏ လေကြောင်းလိုင်းထိန်းသိမ်းရေးဌာနသို့ ညှိနှိုင်းအကြောင်းကြားရမည်ဖြစ်ကြောင်း သိရပြီး Charter လေကြောင်းလိုင်းဖြင့် စေလွှတ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားရမည်ဖြစ်ကြောင်း သိရသည်။

ဒွန်မောင်းလေဆိပ်သို့ရောက်ရှိပါက ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနက နေထိုင်ခွင့် နှစ်နှစ်ပေးမည်ဖြစ်ပြီး အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စားလှယ်က ဒွန်မောင်းလေဆိပ်တွင် အလုပ်သမားများကို လာရောက်ခေါ်ယူ၍ သက်ဆိုင်ရာ အလုပ်ရှင်လုပ်ငန်းခွင်ရှိသည့်နယ်မြေတွင် ဆေးစစ်ရမည်ဖြစ်ကာ ဆေးစစ်ပြီးပါက အလုပ်အကိုင်ဌာနသို့ အကြောင်းကြားတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ နယ်မြေအလုပ်အကိုင်ဌာနတွင် ဆေးစစ်ပြီးကြောင်း အထောက်အထားနှင့်ဗီဇာရရှိပြီးကြောင်း အထောက်အထားတင်ပြပြီးနောက် သင်တန်းတက်ရောက်၍ Work Permit ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**MT**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံဘာသာရပ်တတ်ကျွမ်းနားလည်သူများအပြင် အတွေးအခေါ်ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရေး တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဝိဇ္ဇာပညာရပ်ဆိုင်ရာ သင်ကြားမှုများကိုလည်း အားပေးဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ်၊ အနောက်တောင်တိုင်းစစ်ဌာန ချုပ်တိုင်းမှူးတို့လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ် တက္ကသိုလ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ပုသိမ် တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ သန်းထွန်း၊ ဒုတိယပါမောက္ခချုပ် များနှင့် ဆရာ ဆရာမများက ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင် ခန်းမအတွင်း လှည့်လည်ကြည့်ရှု ကြပြီး တာဝန်ရှိသူများ၏ တင်ပြ ချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက္ကသိုလ်အစည်း အဝေးခန်းမ၌ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာ တက္ကသိုလ် ပါမောက္ခ ချုပ် ဒေါက်တာသန်းထွန်းက ပညာရေးဆိုင်ရာများနှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြရာတွင် တက္ကသိုလ်ဆိုင်ရာ အချက် အလက်များ၊ သင်ကြားပေးလျက်ရှိ သည့် ဘာသာရပ်များနှင့် ဘွဲ့၊ ဒီပလိုမာပေးအပ်မှုများ၊ ဘာသာ ရပ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာ သင်ကြားလျက်ရှိမှု၊ ဘာသာရပ် အလိုက် သင်ကြားရေးဝန်ထမ်း များနှင့် စီမံဝန်ထမ်းများခန့်အပ် ထားရှိမှု၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များ တည်ဆောက် ထားရှိမှုနှင့် စားသောက်ရေးနှင့် နေထိုင်ရေး စီမံဆောင်ရွက်ထား ရှိမှု၊ စာကြည့်တိုက်နှင့် သင်ကြား ရေး အဆောက်အအုံများ တည်ဆောက်ထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပုသိမ် တက္ကသိုလ်နှင့် ပတ်သက်၍ သင်ကြားမှု၊ သင်ယူမှုအထောက် အကူပြုဆိုင်ရာ လိုအပ်ချက်များ ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက္ကသိုလ်နှင့် ဝန်းကျင်တစ်ဝိုက် သန့်ရှင်း သာယာလှပရေး ဆောင်ရွက် ထားရှိမှုများကို လည်းကောင်း ဖြည့်စွက် ရှင်းလင်းတင်ပြကြ သည်။

**ဆွေးနွေးပြောကြား**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ် သည်များ ဆွေးနွေးပြောကြားရာ တွင် ပုသိမ်တက္ကသိုလ်သည် သက်တမ်း(၆၅) နှစ်ရှိပြီဖြစ်သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး သင်ကြား မှုပိုင်းဆိုင်ရာများတွင် ရန်ကုန် တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ နှင့် ရင်ပေါင်တန်းနိုင်ရမည်ဖြစ် ကြောင်း၊ တက္ကသိုလ်ပညာရပ် သည် အတတ်ပညာကို သင်ကြား ပေးသည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ၎င်းတို့ ဘဝတွင် အဆင်ပြေစွာ ရပ်တည် နိုင်သည်အထိ သင်ကြားပေး နိုင်ရန်လိုကြောင်း၊ အခြေခံပညာ မူလတန်း၊ အခြေခံပညာအထက် တန်းကျောင်းတို့တွင် တွေ့ကြုံခဲ့ရ သည့် ပတ်ဝန်းကျင်နှင့် တက္ကသိုလ် တွင် တွေ့ကြုံရသည့် ပတ်ဝန်းကျင် သည် များစွာကွာခြားမှုရှိပြီး တက္ကသိုလ်ပညာရပ်သည် စာပေ ပညာကိုသာမက လူမှုအသိုင်း အဝိုင်းတစ်ခုနှင့် ပေါင်းသင်း ဆက်ဆံရေးတို့ကိုပါသင်ကြားပေး လိုက်ခြင်းဖြစ်ကြောင်း၊ အခြေခံ ပညာအဆင့်၌ သင်ကြားသင်ယူမှု များ ဆောင်ရွက်ရာတွင် ပို့ချ သင်ကြားခြင်း (Teaching) ကို အဓိကထား ဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြား သင်ယူမှုများ ဆောင်ရွက်ရာတွင်

**စာမျက်နှာ ၆ သို့ ***


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ တွေ့ဆုံ အမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များပြီးစီး၍ လွတ်လပ်၍ တရားမျှတသည့် **စာမျက်နှာ ၇ သို့ ✪**

**✳ စာမျက်နှာ ၅ မှ**

တွေးခေါ်လေ့လာသင်ကြားခြင်း (Studying)ကို အဓိကထား ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ တက္ကသိုလ် တက်ရောက်စဉ် ပတ်ဝန်းကျင်မှရရှိသည့် အတွေ့အမြင်ဗဟုသုတနှင့် သင်ကြားမှုမှ ရရှိသည့် တွေးခေါ်မြော်မြင်နိုင်မှုတို့ကို ၎င်းတို့၏ လက်တွေ့ဘဝတွင် အသုံးချ၍ အောင်မြင်စွာ ဖြတ်သန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများ အတွေးအခေါ် မှန်ကန်ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာ တတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြရန်နှင့် အခြေခံစိတ်ဓာတ်ကောင်းများ ရရှိရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်တက္ကသိုလ် စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**အလေးထားစိစစ်ဆောင်ရွက်**

စာပေနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ထိုက်ထိုက်တန်တန်ဖြင့် ဘွဲ့ရရှိသူများဖြစ်စေရေး အလေးထား စိစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြားရေး တာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့်လည်း စဉ်ဆက်မပြတ် လေ့လာမှုများကို ဆောင်ရွက်၍ မိမိကိုယ်ကို ကိုယ်ရည်ကိုယ်သွေးပြည့်ဝအောင် ဆောင်ရွက်နေကြရန်လိုကြောင်း၊ ဆရာ ဆရာမများက အမှန်တကယ်တတ်ကျွမ်းပြီး မိမိတို့တာဝန်ယူထားသည့် ဘာသာရပ်ကို ပိုင်နိုင်နေမှသာလျှင် မိမိတို့က မွေးထုတ်ပေးသည့် တပည့်များသည်လည်း ထူးချွန်ထက်မြက်မည်ဖြစ်ပြီး ၎င်းတို့၏ဘဝတိုးတက်ရေးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ် အသုံးချနိုင်မည်ဖြစ်ကြောင်း။

**သင်ကြားပေးလျက်ရှိ**

ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေနှင့် စည်းကမ်းကို သိရှိလိုက်နာရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး အသိအမြင်ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံကို ဦးဆောင်ကြမည့် လူသားအရင်းအမြစ်များအနေဖြင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များ ရှိစေရေးအတွက်လည်း စီးပွားရေး အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာ သင်ကြားပြီးဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူများ ဖြစ်ရန်အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံဘာသာရပ် တတ်ကျွမ်းနားလည်သူများအပြင် ကဏ္ဍတစ်ခုအနေဖြင့် မရှိမဖြစ်လိုအပ်သည့် အတွေးအခေါ် ပညာရှင်ကောင်းများ ပေါ်ထွက်လာစေရေး အတွက်လည်း တွေးခေါ်မြော်မြင်မှုဆိုင်ရာ ဝိဇ္ဇာပညာရပ်ဆိုင်ရာ သင်ကြားမှုများကိုလည်း အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

သက်တမ်းကာလ ကြာမြင့်ပြီဖြစ်ပြီး အစဉ်အလာရှိသည့် တက္ကသိုလ်ဖြစ်သည့်အတွက် ယခုတက္ကသိုလ်မှ ထွက်ပေါ်လာသူများသည် တက္ကသိုလ်အတွက် ဂုဏ်ယူဖွယ်ဖြစ်ရမည် ဖြစ်ကြောင်း၊ နယ်ပယ်အလိုက် ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်သည့် တက္ကသိုလ်တစ်ခု ဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တက်ရောက်ခဲ့သည့် တက္ကသိုလ်အတွက် ဂုဏ်ယူနိုင်စေရေး အတွက်လည်း တက္ကသိုလ်၏ ဂုဏ်အရှိန်အဝါနှင့် သာယာလှပမှုတို့ကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ဟူသည်မှာ လေ့လာဖတ်မှတ်ခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် တက္ကသိုလ်စာကြည့်တိုက်နှင့် ပတ်သက်၍ နယ်ပယ်အစုံမှ စာအုပ်စာပေများ စုံလင်မှုရှိရမည်ဖြစ်ကြောင်း။

**အားပေးဆောင်ရွက်လျက်ရှိ**

မိမိအနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိပြီး ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစိုးရအတွက် ဟူသည်ထက် နိုင်ငံ့အတွက်၊ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်ရန်လိုကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ယာယီတာဝန်ယူခြင်းသာဖြစ်ပြီး ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်များကို အမြဲတမ်း တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် ၎င်းတို့၏မူဝါဒကို အကောင်အထည်ဖော်၍ နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ နိုင်ငံကို ကောင်းအောင် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကို ကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ နိုင်ငံ့အတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက် လာကြသည့် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်စာကြည့်တိုက်အတွင်းနှင့် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

❂ စာမျက်နှာ ၆ မှ

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးပါက ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးကို ဦးတည်ချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အရှေ့မြောက်ပိုင်းဒေသတွင် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်နေခြင်းမှာ အာဏာကို ဥပဒေနှင့်အညီ ရရှိနိုင်ရန်ဆောင်ရွက်ခြင်းမပြုဘဲ ဖြတ်လမ်းနည်းဖြင့်ရယူရန် ကြိုးပမ်းလာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သည့်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့် နည်းလမ်းများကို လေးစားလိုက်နာရန်လိုကြောင်း။

**လေ့ကျင့်နေရမည်**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန် အဖွဲ့အစည်းအလိုက်၊ စစ်သည်တစ်ဦးချင်းစီအလိုက် အသင့်ရှိနေရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှု ရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက် လုပ်သင့်လုပ်ထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် စစ်သားကောင်း စိတ်ဓာတ်မွေး၍ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ မိမိတို့ကိုင်ဆောင်သည့် လက်နက်များကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရန်လိုအပ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုများ ရှိနေစေရေးအတွက်လည်း အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် မိမိတို့၏မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

လူတိုင်းသည် တိုးတက်မှုကို လိုလားကြပြီး ဘဝဖြတ်သန်းမှုတွင် အောင်မြင်စွာဖြင့် ဖြတ်သန်းလိုကြကြောင်း၊ မိမိတို့တစ်ဦးချင်းအလိုက် အောင်မြင်တိုးတက်စေရေး မိမိကိုယ်မိမိ စနစ်ကျနစွာ နေထိုင်လုပ်ကိုင်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ မိမိကိုယ်ကိုနှင့် မိမိပတ်ဝန်းကျင်ကို ကောင်းမွန်အောင် နေထိုင်ခြင်းတို့ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုတိုင်း အတွက် ထိုက်သင့်သည့် အခွင့်အလမ်းများလည်း ရရှိလာနိုင်မည်ဖြစ်သည်ကို နားလည် သဘောပေါက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်နေထိုင်ခြင်းဖြင့် မိမိမိသားစုတွင်လည်း ကောင်းမွန်သည့် အမူအကျင့်များ၊ အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ကို မိဘများက လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ၎င်းတို့၏ ဘဝတစ်လျှောက် ကောင်းမွန်စွာရပ်တည်နေထိုင်နိုင်ရေး အနာဂတ်ကောင်းကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ပညာရပ်များ သင်ကြားပေးနိုင်ရမည်ဖြစ်ပြီး အတန်းပညာများ ပြီးမြောက်၍ ၎င်းတို့၏ဘဝလမ်းကို ၎င်းတို့ခြေထောက်ပေါ်၌ ကိုယ့်အားကိုယ်ကိုး၍ ရပ်တည်လျှောက်လှမ်းနိုင်ရေး လမ်းကြောင်းမှန်ကို ပြသပေးနိုင်ရမည်၊ တည့်မတ်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများကို မိမိတို့ထက်ကောင်းမွန်သည့် ဘဝနေထိုင်မှု၊ တိုးတက်မှုများ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အရာရှိ၊ စစ်သည်မိသားစုများအနေဖြင့်လည်း မိမိတို့အတွက် ဗဟုသုတများ တိုးပွားစေနိုင်သည့် စာပေများကို လေ့လာဖတ်မှတ်ခြင်းများကို အမြဲမပြတ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိမိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၊ မိသားစုများ၏ ပညာရည်မြင့်မားရေးကို အားပေး ဆောင်ရွက်လျက်ရှိသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**စည်းလုံးညီညွတ်စွာနေထိုင်**

နယ်ပယ်အသီးသီးမှ ပေါက်ဖွားလာကြပြီး တပ်မတော်အတွင်း၌ လာရောက် တွေ့ဆုံကြခြင်းဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာတာဝန် ထမ်းဆောင်ကြရန် လိုကြောင်း၊ ဦးစီးခေါင်းဆောင်များ အနေဖြင့်လည်း မိမိတို့၏ လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည် ဖြစ်ပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံ ရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် အဖွဲ့အစည်းအလိုက်၊ စစ်သည်တစ်ဦးချင်းစီအလိုက် အသင့်ရှိနေရမည်ဖြစ်**

❖ **ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိနေရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင် အသင့်ဖြစ်စေရေးအတွက် လေ့ကျင့်နေရမည်ဖြစ်**

❖ **တာဝန်ထမ်းဆောင်ရာတွင် စစ်သားကောင်း စိတ်ဓာတ်မွေး၍ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာအသုံးချရန်လို**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးတို့သည် ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေးစာရင်းကိုင် သင်တန်းကျောင်းသို့ သွားရောက်၍ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသင်းသားတောင်သူများ လိုအပ်သည့် သွင်းအားစု၊ မျိုး၊ မြေဩဇာများအား ရာသီအချိန်မီ ထောက်ပံ့ပေးရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး MSMEs လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product-OVOP) ထုတ်လုပ်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေး အတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ ကျောင်းအုပ် ဆရာမကြီးက သင်တန်းကျောင်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းကာလ နှစ်နှစ်ပြည့်မြောက်မည့် ကျောင်းသားကျောင်းသူများအနေဖြင့် သတ်မှတ်အရည်အချင်း ပြည့်မီပါက သမဝါယမ ကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူးတက်ရောက်နိုင်ကြောင်း၊ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်း၏ ဂုဏ်ကိုဆောင်နိုင်သည့် စည်းကမ်းရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြရန် မှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၏ အရှေ့မြောက်ဘက် ၃၁ မိုင်အကွာ ရဲရမန်းကျေးရွာအနီး မြစ်ငယ်မြစ်ဝှမ်းပေါ်တွင် တည်ဆောက်ထားသည့် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ပေးနေမှုနှင့် ပုသိမ်ကြီးမြို့နယ်ရှိအောင်ပင်လယ်ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားများပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်မိုးတွင်းကာလ၌ ရေပိုလွှဲမှ ရေလျှံကျမှုကို အလဟဿမဖြစ်စေရန် ၎င်းလျှံရေကို ထိန်းသိမ်းပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရေး ခွဲရုံသို့ ရေမှုန်၊ ရေမွှားများ ရောက်ရှိမှုကာကွယ်နိုင်ရေးတို့အတွက် ရေပိုလွှဲတွင် ဂိတ်တံခါးတပ်ဆင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို သုံးသပ်တင်ပြရန် လိုအပ်ပါကြောင်း၊ စက်ရုံနှင့် တမံကို ထိန်းသိမ်းစောင့်ကြပ်ကြည့်ရှုနေမှုတွင်လည်း တပ်ဆင်ထားသည့် သတ်မှတ်ကိရိယာများ၏ သတ်မှတ်ချက်များအတိုင်း အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုနေရန် လိုအပ်ပါကြောင်း၊ အကယ်၍ ဓာတ်အားစနစ်တွင် System Break Down ဖြစ်ပါက အမြန်ဆုံးပြန်လည်ဓာတ်အားရရှိစေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲမပြတ်လေ့ကျင့်နေရန်နှင့် ကြိုတင်၍ ဝန်ထမ်းများကို တာဝန်ပေးအပ်ထားရန် လိုအပ်ပါကြောင်း၊ ပြည်သူများ လိုအပ်နေသော လျှပ်စစ်ဓာတ်အားများကို ပြည့်ဝစွာထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်အတွက် စုဆောင်းထားရှိသည့် ရေများကို အကျိုးရှိစွာ အသုံးပြုပြီး စက်စွမ်းအားပြည့် မောင်းနှင်လည်ပတ်၍ လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စက်ရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် စက်များ၏ကြံ့ခိုင်ရေး ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံချက် ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှု အခြေအနေနှင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် တမံ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ နေ့လယ်စာအား အတူတကွ သုံးဆောင်ခဲ့ပြီး ဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်ကြီးမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့က ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုဆိုင်ရာ အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ Switch Yard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားလိုင်းဆွဲသားထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ပူတာအိုသို့ ရေခဲတောင်တက်ရန်လာရောက်ကြသော ခရီးသည်များအတွက် ရသည့်အချိန်နှင့် လိုက်လျောညီထွေစေမည့် ခရီးစဉ်ရက် အပိုင်းအခြားကို စီစဉ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ၏ ရေခဲတောင်များရှိရာ ကချင်ပြည်နယ် ပူတာအိုဒေသသို့ လာရောက်လည်ပတ်ကြသော ခရီးသည်များ အဆင်ပြေစေရန်အတွက် ရသည့်အချိန်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ခရီးစဉ်ရက် အပိုင်းအခြားကို စီစဉ်ပေးနေကြောင်း ပူတာအိုမှ ရေခဲတောင်တက်ခရီးစဉ်များအပါအဝင် အခြားခရီးစဉ်များကို စီစဉ်ပေးနေသူ ကိုမိုးမင်းသိန်း(ပူတာအို)ကပြောသည်။

"ပူတာအိုကျတော့ လေကြောင်းလိုင်းပဲ အားကိုးနေရတာပါ။ အခုဆိုရင် လေကြောင်းခရီးစဉ်အနေနဲ့ ရန်ကုန်ကနေဆိုလည်း စနေတစ်ရက်ပဲ ဆွဲပေးတာ။ ရန်ကုန်-မန္တလေး-မြစ်ကြီးနား-ပူတာအိုက တစ်ပတ်မှာ တစ်ရက်ပဲရှိတာ။ နောက်တစ်ကြောင်းကတော့ ဗုဒ္ဓဟူးနေ့က မန္တလေးကနေလာတာ။ ပူတာအိုကို လာရောက် လည်ပတ်တဲ့ထဲမှာဆိုရင် ရန်ကုန်ကနေ လာတဲ့သူများတော့ လေကြောင်း အခက်အခဲတွေရှိတော့ ခရီးသွားတွေ စိတ်ဝင်စားမှုရှိပေမယ့် ထင်သလောက်မရတဲ့ အခြေအနေရှိပါတယ်"ဟု ပြောသည်။

ထို့ကြောင့် လက်ရှိတွင် လာရောက်လည်ပတ်သူများ သွားလာရေးအဆင်ပြေစေရန်အတွက် ခရီးသည်များကို လေယာဉ်ထွက်မည့်ရက်အမီ ရေခဲတောင်တက်ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးနေရကြောင်း ၎င်းကပြောသည်။

"အခုကတော့ ကျွန်တော်တို့က လေယာဉ်ထွက်မယ့်ရက်နဲ့ အဆင်ပြေအောင် ခရီးစဉ်ကိုစီစဉ်ပေးရတယ်။ လာတဲ့ဧည့်သည်တွေက စနေရောက်ရင် တနင်္ဂနွေကို ပူတာအိုကနေစပြီး တောင်တက်ထွက်တယ်။ ပြီးရင် သောကြာနေ့ ပူတာအိုကို ပြန်အရောက်၊ စနေနေ့ လေယာဉ်အမီ ဆောင်ရွက်ပေးနေရတယ်။ တစ်ရက်နောက်ကျသွားရင် ခရီးသည်တွေအနေနဲ့ နောက်အပတ် စနေနေ့ လေကြောင်းခရီးစဉ်ကို စောင့်ရမှာဆိုတော့ အဆင်မပြေဘူးလေ။ ဒါကြောင့် တစ်ပတ်အတွင်း အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ကိုမိုးမင်းသိန်း(ပူတာအို)က ပြောသည်။

ပူတာအိုရေခဲတောင်တက်ခရီးစဉ်သို့ လာရောက်ပတ်လည်ရန်ဆက်သွယ်မေးမြန်းမှုများပြားကာ စိတ်ဝင်စားမှုရှိသော်လည်း လေကြောင်းခရီးစဉ် အခက်အခဲအချို့ကြောင့် ခရီးသွားအသင့်အတင့်သာ ရှိနေသေးကြောင်း ၎င်းကပြောကြားသည်။

**MT**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အဖျောက်သဘာဝဓာတ်ငွေ့မြေ၌ သုတေသနပြုလုပ်၍ သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည့်အခြေအနေ ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၂၀

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်၍ ပါးလွှာသဲကြောများကို လေ့လာတွက်ချက် သုတေသနပြုလုပ်၍ ပြန်လည်ဆန်းသစ်ပြီး သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည့် တွင်းအမှတ်(၅၀)နှင့် (၅၄)တို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဖျောက်သဘာဝဓာတ်ငွေ့မြေရှိ အသစ်တူးဖော်လျက်ရှိသော တွင်းအမှတ်(၆၀)သို့ ရောက်ရှိပြီး တာဝန်ရှိသူများက အဖျောက်သဘာဝဓာတ်ငွေ့မြေ၏ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ သဘာဝဓာတ်ငွေ့တွင်းဟောင်းများကို ပြန်လည်လေ့လာတွက်ချက် သုတေသနပြု စမ်းသပ်ထုတ်လုပ်မှုသည် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍအတွက် မှတ်တမ်းကောင်းတစ်ခု ရေးထိုးနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အခြားသော ရေနံမြေများတွင်လည်း ယခုလိုရလဒ်ကောင်းများ ရရှိအောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တွင်းသစ်တူးဖော်နေသည့် တွင်းအမှတ်(၆၀)ကိုလည်း အောင်မြင်မှုများရရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အထွက်နှုန်းကျဆင်းနေသည့် ရေနံမြေများကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်မီနည်းပညာများကို အသုံးချနိုင်ရေး လိုအပ်သောလေ့လာသင်ယူမှုများ လုပ်ဆောင်ရန်လိုကြောင်း၊ ယခုသုတေသနပြုမှု၏ အောင်မြင်မှုနှင့် AI နည်းပညာတို့ ပေါင်းစပ်အသုံးပြုနိုင်ရန်အတွက် ကြိုးစားလျက်ရှိကြောင်း၊ ယင်းသို့ လုပ်ဆောင်နိုင်ခြင်းဖြင့် ခိုအောင်းနေနိုင်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပမာဏကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပြီး တိုးမြှင့်၍ ထုတ်လုပ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အဖျောက်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၅၀)နှင့် (၅၄)တို့မှ ပြန်လည်ဆန်းသစ်ပြီး သဘာဝဓာတ်ငွေ့တိုးမြှင့်ထုတ်လုပ်နိုင်ခြင်း အထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ဓာတ်ပုံကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဓာတ်ငွေ့မြေရှိ အစည်းအဝေးခန်းမတွင် ရေနံမြေဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

**ပိုမိုဖြန့်ဖြူးပေးလျက်ရှိ**

အဖျောက်သဘာဝဓာတ်ငွေ့မြေကို ၁၉၉၁ ခုနှစ်မှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်မှစတင်၍ ရပ်ဆိုင်းလုနီးပါးဖြစ်ခဲ့ရာမှ ယခုပြန်လည်၍ ထွက်ရှိခဲ့ခြင်းဖြစ်သည်။ တိုးမြှင့်ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့များကို ယူရီးယားဓာတ်မြေဩဇာစက်ရုံများ၊ အိမ်သုံးရေနံဓာတ်ငွေ့ရည်(LPG) စက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များသို့ သဘာဝဓာတ်ငွေ့ ပိုမိုဖြန့်ဖြူးပေးလျက်ရှိသည်။ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုလျော့နည်းကျဆင်းလာသောကြောင့် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များအတွက် လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် ရတနာ၊ ဇော်တိကာ၊ ရွှေကမ်းလွန်စီမံကိန်းများမှထုတ်လုပ်သော တန်ဖိုးမြင့်သဘာဝဓာတ်ငွေ့များနှင့် အချိုးကျရောစပ်ဖြန့်ဖြူးပေးခဲ့ရသော်လည်း ယခုအခါ အဖျောက်သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ပြီး CNG မော်တော်ယာဉ်များအတွက် ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သဖြင့် ကမ်းလွန်စီမံကိန်းများမှ တန်ဖိုးမြင့်သဘာဝဓာတ်ငွေ့ရောစပ်ဖြန့်ဖြူးခြင်းကို လျှော့ချနိုင်ပြီဖြစ်သည်။ ထိုသို့ အဖျောက်သဘာဝဓာတ်ငွေ့မြေမှ စတင်၍ ပါးလွှာသဲကြောများကို လေ့လာတွက်ချက်သုတေသနပြုအောင်မြင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးကဏ္ဍ ဆန်းသစ်လာတော့မည့် လက္ခဏာတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (၄၅)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် ဇန်နဝါရီ ၂၀

(၄၅)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်သူ့ဆေးရုံကြီးများမှ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် စေတနာ သွေးလှူရှင်ကြီးများ တက်ရောက်ကြသည်။

**အလေးထား ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူနာများမှာ သွေးသွင်းရန် လိုအပ်သည့် အခြေအနေဖြစ်လာပါက မည်သည့်ဆေးဝါး၊ စက်ကိရိယာများကမှ ကူညီမှုမပြုနိုင်ဘဲ သွေးသွင်းခြင်းဖြင့်သာ ကူညီနိုင်ပါသောကြောင့် လူနာများအတွက် စဉ်ဆက်မပြတ် လှူဒါန်းပေးသော သွေးလှူရှင်ကြီးများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးသည့် ကူညီမှုဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လှူဒါန်းမှုကြောင့် ၂၀၂၃ ခုနှစ်အတွင်း အမျိုးသားသွေးဌာနမှ ဆေးရုံများကို ဖြန့်ဝေပေးခဲ့သည့် ၉၃၃၈၅ ယူနစ်ရှိခဲ့ပြီး လူနာများအနေဖြင့် ငွေကြေးကုန်ကျမှု၊ သွေးလှူရှင် ရှာဖွေရမှုစသည့် ပူပန်မှုများလုံးဝမရှိရဘဲ လိုအပ်သည့်သွေးအမျိုးအစား၊ သွေးပစ္စည်းများကို ရရှိကုသမှုခံယူနိုင်ခဲ့ခြင်းမှာ စေတနာ သွေးလှူရှင်ကြီးများ၏ ပံ့ပိုးမှုကြောင့် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသွေးဌာနတစ်ခု၊ မန္တလေး၊ မကွေး၊ မော်လမြိုင်၊ မြစ်ကြီးနား၊ တောင်ကြီး၊ ပုသိမ်၊ နေပြည်တော်တို့ရှိ ပြည်သူ့ဆေးရုံကြီးများတွင် တွဲဖက်ထားသည့် သွေးလှူဘဏ်ခုနစ်ခု၊ ခုတင် (၂၀၀) နှင့် ခုတင် (၁၀၀) ဆံ့ ဆေးရုံများတွင်လည်း ဓာတ်ခွဲခန်းနှင့် တွဲဖက်ဆောင်ရွက်နေသော သွေးဘဏ်များကို တိုးချဲ့ဖွဲ့စည်းထားပြီး Blood Management System (BMS) Software အား တပ်ဆင်အသုံးပြုလျက်ရှိပါကြောင်း၊ သွေးသွင်းကုသမှုဆောင်ရွက်ရာတွင် လူနာများ ဘေးကင်းလုံခြုံရေး (Blood Safety)အတွက်လည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အစားထိုးကုသရာတွင် သွေးပစ္စည်းများဖြင့် လူနာများကို အောင်မြင်စွာ ကုသမှုပြုနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်မှာ အမျိုးသားသွေးဌာနတွင် အသစ်စတင် လှူဒါန်းခဲ့ကြသည့် သွေးလှူရှင် ၉၆၂၅ ဦး၊ စဉ်ဆက်မပြတ် လှူဒါန်းခဲ့ကြသည့် သွေးလှူရှင် ၂၉၈၆၆ ဦးရှိပါကြောင်း၊ သွေးလှူရှင်များ စဉ်ဆက်မပြတ် သွေးလှူဒါန်းနိုင်ရန် အစစအရာရာ စီစဉ်ပေးသည့် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူမှုထူးချွန်တံဆိပ်ရရှိသော သွေးလှူရှင် စုစုပေါင်း ၁၆ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုငွေနှင့် အကြိမ်(၁၀၀)နှင့် အထက် သွေးလှူရှင် စုစုပေါင်း ၃၀ ကို ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ထို့နောက် စဉ်ဆက်မပြတ် သွေးသွင်းကုသမှုခံယူပြီး ကျန်းမာလျက်ရှိကြသော ကလေးငယ်များက တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးငယ်များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယခုနှစ် ကျင်းပသည့် (၄၅) ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၄) ဖြင့် သွေးအလှူရှင် ၁၀ ဦးအား လူမှုထူးချွန်တံဆိပ် (ပထမဆင့်)ကို လည်းကောင်း၊ သွေးလှူရှင်တစ်ဦးအား လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ကို လည်းကောင်း၊ သံဃာတော်တစ်ပါး အပါအဝင် သွေးလှူရှင် ငါးဦးအား လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင် ၁၄၅ ဦး၊ (၈၅)ကြိမ်မှ အကြိမ်(၄၀)နှင့်အထက် သွေးလှူရှင် ၂၄၉ ဦး စုစုပေါင်း ၃၉၄ ဦးတို့ ဂုဏ်ပြုခဲ့ကြသည်။

အဆိုပါ သွေးလှူရှင်များ ဂုဏ်ပြုပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က သွေးလှူရှင် စုစုပေါင်း ၄၁၀ အတွက် အလှူငွေစုစုပေါင်း ၁၄၃ သိန်း ၄ သောင်းကို လည်းကောင်း၊ စေတနာရှင် အလှူရှင်များက အလှူငွေ စုစုပေါင်း ၁၆၄ သိန်း ၅ သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ ၂၀၂၃ ခုနှစ်အတွင်း အမျိုးသားသွေးဌာနမှ ဆေးရုံများကို သွေးယူနစ်ပေါင်း ၉၃၃၈၅ ယူနစ် ဖြန့်ဝေပေးနိုင်ခဲ့သည့်အတွက် လူနာများအနေဖြင့် ငွေကြေးကုန်ကျမှု၊ သွေးလှူရှင်ရှာဖွေရမှုစသည့် ပူပန်မှုများ လုံးဝမရှိရဘဲ လိုအပ်သည့် သွေးအမျိုးအစား၊ သွေးပစ္စည်းများကိုရရှိကုသမှုခံယူနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# ငြိမ်းချမ်းစွာ ပဋိပက္ခ ဖြေရှင်းရေး

**မြန်မာနိုင်ငံရဲ့နိုင်ငံရေးနဲ့ လက်နက်ကိုင်ပဋိပက္ခတွေကတစ်ဆင့် ဖြစ်လာတဲ့အကျိုးဆက်တွေက လတ်တလောမှာ ဆက်တိုက်ဖြစ်ပေါ်နေပါတယ်။ တိုက်ပွဲတွေရဲ့ဂယက်တွေက ပြည်သူလူထုအရေး၊ နိုင်ငံရဲ့အနာဂတ်အရေးတွေအတွက် စဉ်းစားစရာတွေအများအပြားပါပဲ။**

ပြည်သာကျော်

> **“ပဋိပက္ခတစ်ခုဖြစ်လာရင် အဲဒီပဋိပက္ခရဲ့အပေါ်ယံလွှာကို ကြည့်ရသလို ပဋိပက္ခရဲ့ မူလဇာစ်မြစ် ဒါမှမဟုတ် ဖုံးကွယ်ထားတဲ့ရည်မှန်းချက်တွေနဲ့ ယုံကြည်ချက်တွေကို ရှာဖွေကြရပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေရဲ့ အရင်းခံအကြောင်းတွေဟာ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေအပေါ်မှာ အခြေခံခဲ့တယ်လို့ ယေဘုယျပြောနိုင်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာက နိုင်ငံရေးအရင်းခံအကြောင်းတရားတစ်ခုတည်း မဟုတ်ပါဘူး။ နိုင်ငံရေးရဲ့နောက်ကွယ်က အတ္တတွေ၊ ကိုယ်ကျိုးစီးပွားတွေ၊ အာဃာတတွေနဲ့ မယုံကြည်မှုတွေပါဝင်နေပြီး အဲဒါတွေက ပဋိပက္ခတွေကို အမြစ်ပွားစေလျက်ရှိ”**

တိုက်ပွဲတွေကြောင့် တိုက်ရိုက်ထိခိုက်ခံစားနေရသူတွေနဲ့ သွယ်ဝိုက်ပြီး ခံစားနေရသူတွေရဲ့ စားဝတ်နေရေးအခက်အခဲ၊ အကျပ်အတည်းတွေဟာ နိုင်ငံအတွက် အနုတ်လက္ခဏာဆောင်နေပါတယ်။ အနုတ်လက္ခဏာတွေဖြစ်ပေါ်စေတဲ့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေနဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ လက်ရှိအကျပ်အတည်းတွေကို ဖြေရှင်းနိုင်မလား၊ ဒါမှမဟုတ်အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် မှန်ကန်တဲ့အဖြေထုတ်ပေးနိုင်မလားဆိုတာ အတိတ်က အတွေ့အကြုံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မြင်နိုင်ပါတယ်။

ယခင်ကလည်း နိုင်ငံရေးသဘောထားကွဲလွဲတာတွေ ကြုံခဲ့ရပြီးပါပြီ။ သဘောထားကွဲလွဲတဲ့အခါတိုင်းလည်း လက်နက်ကိုင်ဖြေရှင်းခဲ့ကြပါတယ်။ လက်နက်ကိုင်ဖြေရှင်းကြတိုင်းလည်း ပဋိပက္ခတွေပြေလည်သွားစေတာထက် ဘေးထွက်ဆိုးကျိုးတွေပဲ ကြုံခဲ့ကြရတာပါ။ အခုလည်း ကြုံနေဆဲပါ။ ဒီဆိုးကျိုးတွေကို အမြစ်ဖြတ်ဖို့ဆိုရင် ပြဿနာရဲ့ဇာစ်မြစ်ကို နားလည်လက်ခံပြီး ငြိမ်းငြိမ်းချမ်းချမ်း ညှိနှိုင်းဖြေရှင်းကြဖို့လိုပါတယ်။ ဒါပေမဲ့ မြန်မာ့နိုင်ငံရေးမှာ ငြိမ်းချမ်းစွာဖြေရှင်းတဲ့ယဉ်ကျေးမှုအတွက် ရေခံမြေခံကောင်းမရှိပါဘူး။ ငြိမ်းချမ်းစွာဖြေရှင်းတဲ့ယဉ်ကျေးမှု အားနည်းတဲ့အတွက် အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ပါတယ်။

အခုဆိုရင် ပဋိပက္ခတွေဟာ ပြည်တွင်းရေးအဆင့်ကို ကျော်လွန်ပြီး ပြည်ပရဲ့စွက်ဖက်ကြိုးကိုင်တာတွေကို ရင်ဆိုင်နေရပါတယ်။ ပြင်ပက အမြတ်ထုတ်လိုတဲ့သူတွေက အခွင့်ကောင်းကို အသုံးချနေကြတာ မျက်ဝါးထင်ထင်ပါပဲ။ ပြည်ပရဲ့စွက်ဖက်မှုတွေကြောင့် အကျပ်အတည်းတွေဟာ ပိုနက်နဲလာပြီး နိုင်ငံရဲ့အချုပ်အခြာ၊ နယ်မြေ၊ စည်းလုံးညီညွတ်မှုနဲ့ လွတ်လပ်ရေးအတွက် ကြီးမားတဲ့အန္တရာယ်တွေဖြစ်လာနေပါတယ်။ ဒါဟာ နိုင်ငံ့အနာဂတ်အတွက် လိုအပ်နေတဲ့ အဖြေမဟုတ်ပါဘူး။

> **“ကြီးမားကျယ်ပြန့်လာတဲ့ မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေဟာ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေနဲ့ အင်အားကြီးနိုင်ငံတွေရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေကြောင့် မီးလောင်ရာလေပင့်ခံနေရပါတယ်။ ဒီတော့ ကိုယ့်ပြည်တွင်းရေးပြဿနာတွေကို ပြေလည်အောင် မဖြေရှင်းနိုင်သရွေ့ ပြည်တွင်း၊ ပြည်ပခြိမ်းခြောက်ခံရမှုတွေက တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်စရာအဖြစ် ရှိနေဦးမှာပါ။ ဒါကြောင့် ကိုယ့်ပြည်တွင်းရေးပဋိပက္ခရဲ့ အရင်းခံအကြောင်းတရားတွေကို ထိရောက်စွာဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတကာဆက်ဆံရေးမူဝါဒနဲ့ အိမ်နီးချင်းနိုင်ငံဆက်ဆံရေးမူဝါဒတွေကို နိုင်ငံရဲ့အကျိုးစီးပွားနဲ့အညီ ကျင့်သုံးဖို့လိုပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ပတ်သက်တဲ့မူဝါဒတွေဟာ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများစွာဖြစ်ပေါ်စေမှာဖြစ်”**

## ပဋိပက္ခအရင်းခံ အကြောင်းတရား

ပဋိပက္ခတွေဆိုတာက ပါဝင်ပတ်သက်သူတွေရဲ့ ရည်မှန်းချက်၊ ယုံကြည်ချက်၊ ခံယူချက်၊ တန်ဖိုးထားမှုတွေနဲ့ပတ်သက်လို့ အခြေအနေတစ်ခုမှာ ဖြစ်ပွားတဲ့အငြင်းပွားမှုတွေဖြစ်ပါတယ်။ ပဋိပက္ခတစ်ခုဖြစ်လာရင် အဲဒီပဋိပက္ခရဲ့အပေါ်ယံလွှာကို ကြည့်ရသလို ပဋိပက္ခရဲ့ မူလဇာစ်မြစ် ဒါမှမဟုတ် ဖုံးကွယ်ထားတဲ့ရည်မှန်းချက်တွေနဲ့ ယုံကြည်ချက်တွေကို ရှာဖွေကြရပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေရဲ့ အရင်းခံအကြောင်းတွေဟာ နိုင်ငံရေးသဘောထား ကွဲလွဲမှုတွေအပေါ်မှာ အခြေခံခဲ့တယ်လို့ ယေဘုယျပြောနိုင်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာက နိုင်ငံရေးအရင်းခံအကြောင်းတရားတစ်ခုတည်း မဟုတ်ပါဘူး။ နိုင်ငံရေးရဲ့နောက်ကွယ်က အတ္တတွေ၊ ကိုယ်ကျိုးစီးပွားတွေ၊ အာဃာတတွေနဲ့ မယုံကြည်မှုတွေပါဝင်နေပြီး အဲဒါတွေက ပဋိပက္ခတွေကို အမြစ်ပွားစေလျက်ရှိပါတယ်။

လွတ်လပ်ရေးမရခင်ကတည်းက မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ဖို့ ရည်မှန်းခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးချိန်မှာတော့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုအပ်တဲ့အခြေခံတွေကို မတည်ဆောက်နိုင်ဘဲ အာဏာလွန်ဆွဲမှုတွေသာဖြစ်ခဲ့ပါတယ်။ အဲဒီအာဏာလွန်ဆွဲမှုတွေဟာ မူလရည်မှန်းထားတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးဆီကို ဦးမတည်တော့ဘဲ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ သံသရာလည်ခဲ့ပါတယ်။ တဖြည်းဖြည်းကြာရှည်လာတဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ တိုင်းရင်းသားအချင်းချင်းအကြားမှာ မယုံကြည်မှု၊ အာဃာတနဲ့ နာကြည်းမှုတွေကို ပေါက်ပွားစေခဲ့ပါတယ်။ တစ်စတစ်စအမြစ်စွဲသလိုစွဲလာတဲ့ ပဋိပက္ခဇာစ်မြစ်တွေဟာ ကြာလာလေ ဖြေရှင်းရခက်လေဖြစ်လာပြီး ပဋိပက္ခအသစ်တွေ တစ်ခုပြီးတစ်ခု ပေါက်ပွားစေခဲ့ပါတယ်။

ပဋိပက္ခဇာစ်မြစ်တွေဟာ ကာလကြာရှည်လာတာနဲ့အမျှ ပိုမိုရှုပ်ထွေးလာပါတယ်။ ဒီတော့ ပိုမိုရှုပ်ထွေးလာတဲ့ ပဋိပက္ခဇာစ်မြစ်တွေကို ဖြေရှင်းဖို့အတွက် ရှုမြင်ရာမှာ ရှုထောင့်တစ်ခုတည်းက ကြည့်ရုံနဲ့ မပြည့်စုံတော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ နိုင်ငံတကာဆက်ဆံရေး စတဲ့ရှုထောင့်အသီးသီးကနေ သူ့ဘက်ကိုယ့်ဘက်အခြေအနေတွေကို အပြန်အလှန်မျှတစွာရှုမြင်မှသာ ပြဿနာတွေရဲ့အဖြစ်မှန်နဲ့ ဇာစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းနိုင်မှာပါ။

## ပြည်ပစွက်ဖက်မှုနှင့် ပဋိပက္ခကျယ်ပြန့်လာမှု

ဒီကနေ့ကမ္ဘာကြီးမှာ ကိုယ်ကျိုးစီးပွားဖော်ဆောင်မှုနဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုတွေ ပြင်းထန်နေပါတယ်။ နိုင်ငံတိုင်းက အများအကျိုးနဲ့ ကိုယ့်နိုင်ငံအကျိုးယှဉ်လာရင် ကိုယ့်နိုင်ငံအကျိုးစီးပွားကိုပဲ အဓိကဦးစားပေးကြပါတယ်။ ကိုယ့်နိုင်ငံအကျိုးစီးပွားအောင်မြင်ဖို့အတွက် နိုင်ငံတကာဆက်ဆံရေးမှာ နှောင်ကြိုးတွေ၊ အပေးအယူတွေ၊ အကျပ်ကိုင်မှု စတဲ့နည်းလမ်းမျိုးစုံသုံးပြီး နောက်ကွယ်ကနေ ကိုယ်ကျိုးစီးပွားရည်မှန်းချက်တွေကို အပြိုင်အဆိုင်ဖော်ဆောင်နေကြပါတယ်။

အင်အားကြီးနိုင်ငံတွေဟာ သူတို့ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေးနည်းလမ်းတွေနဲ့ အင်အားနည်းတဲ့ နိုင်ငံတွေကို အသုံးချကြပါတယ်။ နိုင်ငံငယ်တွေအတွက် အကျိုးနည်းနည်း၊ သူတို့အတွက် အကျိုးများများလုပ်ဆောင်ကြပါတယ်။ အင်အားကြီးနိုင်ငံအချင်းချင်း အားပြိုင်ရာမှာလည်း နိုင်ငံငယ်တွေဟာ ကြားခံစစ်နယ်မြေအဖြစ် အသုံးချခံနေကြရပါတယ်။

လတ်တလောဖြစ်နေတဲ့ ယူကရိန်းနိုင်ငံဖြစ်စဉ်ဟာ အတုယူစရာကောင်းတဲ့ နိုင်ငံတကာဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာဆိုရင် ပထဝီအနေအထားအရ မြန်မာနိုင်ငံဟာ အင်အားကြီးနိုင်ငံတွေအတွက် အသုံးချခံနယ်မြေတစ်ခုအဖြစ် ရှုမြင်ထားကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အသုံးချဖို့ ကြိုးစားနေတာကြာပါပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒါကိုရှောင်လွှဲလို့ မရနိုင်ပါဘူး။ မြန်မာနိုင်ငံရဲ့ပထဝီအနေအထားကို ပြောင်းလဲလို့ မရပေမယ့် အဲဒီအခြေအနေကို နိုင်ငံ့အကျိုးစီးပွားအတွက် ဘယ်လိုအသုံးချနိုင်မလဲဆိုတာ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ အိမ်နီးချင်းနိုင်ငံဆက်ဆံရေးမူဝါဒအတွက် အရေးပါပါတယ်။

ဒီလိုအခြေအနေမှာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးပဋိပက္ခတွေဟာ ကိုယ်ကျိုးစီးပွားအမြတ်ထုတ်လိုတဲ့နိုင်ငံတွေအတွက် အခွင့်ကောင်းဖြစ်နေပါတယ်။ အခွင့်ကောင်းကို အမြတ်ထုတ်ပြီး ပြင်ပက စွက်ဖက်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေဟာ တစ်စတစ်စ ကျယ်ပြန့်လာပြီး ပြည်တွင်းရေးသက်သက်ထက် ကျော်လွန်လာပါတယ်။ လက်ရှိကျယ်ပြန့်နက်ရှိုင်းလာတဲ့ ပြည်တွင်းရေးပဋိပက္ခတွေဟာ အန္တရာယ်ကို ဖိတ်ခေါ်နေပြီး နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေကို ခြိမ်းခြောက်နေပါတယ်။

## နိုင်ငံ၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်နေ

ဒီကနေ့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လက်နက်ကိုင်တိုက်ခိုက်မှုတွေဟာ နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေတွေအတွက် ကြီးမားတဲ့အန္တရာယ်တွေဖြစ်ပါတယ်။ ယခင်ကတော့ နိုင်ငံရေးသဘောထားကွဲလွဲမှုတွေကြောင့်ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာ ပြည်တွင်းရေးသက်သက်ပါပဲ။ အခုတော့ အဲဒီပဋိပက္ခအခြေအနေဟာ ပြည်တွင်းရေးအဆင့်ကိုကျော်လွန်ပြီး တိုင်းပြည်အတွက် ကြီးမားတဲ့အန္တရာယ်အဖြစ် တွေ့နေရပါတယ်။ အနော်ရထာမင်းလက်ထက်ကစလို့ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တာ နှစ်ပေါင်းထောင်ချီ ရှိနေပါပြီ။ သမိုင်းတစ်လျှောက်မှာ နယ်ချဲ့တွေရဲ့ သိမ်းပိုက်ခံရမှုအပါအဝင် ပြည်တွင်း၊ ပြည်ပအန္တရာယ်အသွယ်သွယ်ကို ရင်ဆိုင်တွန်းလှန်ပြီး နိုင်ငံတော်ကို အဓွန့်ရှည်စွာထိန်းသိမ်းကာကွယ်ခဲ့ကြပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးမှုပြိုကွဲမှုဟာ နိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေပါတယ်။ ဆယ်စုနှစ် ခုနစ်စုကျော်ကြာနေတဲ့ နိုင်ငံရေးသဘောထားကွဲလွဲတာတွေကို မျှတစွာ မဖြေရှင်းနိုင်တဲ့အတွက် ပြဿနာတွေဟာ ပိုပြီးကြီးလာခဲ့ပါတယ်။

ကြီးမားကျယ်ပြန့်လာတဲ့ မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေဟာ ကမ္ဘာ့နိုင်ငံရေးအခြေအနေတွေနဲ့ အင်အားကြီးနိုင်ငံတွေရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုတွေကြောင့် မီးလောင်ရာလေပင့်ခံနေရပါတယ်။ ဒီတော့ ကိုယ့်ပြည်တွင်းရေးပြဿနာတွေကို ပြေလည်အောင် မဖြေရှင်းနိုင်သရွေ့ ပြည်တွင်း၊ ပြည်ပခြိမ်းခြောက်ခံရမှုတွေက တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်စရာအဖြစ် ရှိနေဦးမှာပါ။ ဒါကြောင့် ကိုယ့်ပြည်တွင်းရေးပဋိပက္ခရဲ့ အရင်းခံအကြောင်းတရားတွေကို ထိရောက်စွာဖြေရှင်းရမှာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတကာဆက်ဆံရေးမူဝါဒနဲ့ အိမ်နီးချင်းနိုင်ငံဆက်ဆံရေးမူဝါဒတွေကို နိုင်ငံရဲ့အကျိုးစီးပွားနဲ့အညီ ကျင့်သုံးဖို့လိုပါတယ်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပတ်သက်တဲ့မူဝါဒတွေဟာ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

## အကျိုးဆက်များ

ကမ္ဘာပေါ်မှာ လက်နက်ကိုင်ပဋိပက္ခတွေ ရှည်ကြာတဲ့ ဘယ်နိုင်ငံမှာမဆို နိုင်ငံကို အဘက်ဘက်က ချွတ်ခြုံကျစေပါတယ်။ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေနဲ့ ရုန်းကန်နေရပြီး ပြည်ပစွက်ဖက်မှုခံရတဲ့နိုင်ငံတိုင်းဟာ ပဋိပက္ခတွေက ရုန်းထွက်ဖို့နဲ့ နိုင်ငံပြန်လည်တည်ဆောက်ဖို့ ခက်ခဲနေကြတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေအပြင် နောက်ကွယ်က ကြိုးကိုင်ပံ့ပိုးပေးနေသူတွေကြောင့် တိုက်ခိုက်မှုတွေ ကျယ်ပြန့်လာပြီး နိုင်ငံရဲ့အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေးနဲ့ အစိုးရရဲ့လုပ်ငန်းတွေကို အားနည်းယိုယွင်းစေလျက်ရှိပါတယ်။

လတ်တလောမှာ နယ်မြေဒေသမတည်ငြိမ်မှုတွေက စီးပွားရေးကျပ်တည်းမှု၊ ကုန်ဈေးနှုန်းမြင့်တက်မှုတွေဖြစ်လာပြီး လက်လုပ်လက်စားတွေနဲ့ ပုံမှန်ဝင်ငွေသာရှိတဲ့သူတွေအတွက် ကြီးမားတဲ့ အကျပ်အတည်းတွေနဲ့ ရုန်းကန်နေကြရပါတယ်။ နေ့စဉ်ဘဝရှင်သန်ရပ်တည်ဖို့ ကျပ်တည်းလာတဲ့အတွက် ဥပဒေချိုးဖောက်တာတွေ၊ လူမှုကျင့်ဝတ်ပျက်စီးတာတွေဖြစ်စေပါတယ်။ အဲဒါတွေနဲ့ဆက်စပ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကိုပါ ထိခိုက်စေပါတယ်။ ရေရှည်ထိခိုက်စေတာက လူတစ်ဦးချင်းရဲ့ရုပ်ပိုင်း၊ စိတ်ပိုင်း ထိခိုက်စေခြင်းနဲ့

စာမျက်နှာ ၁၁ သို့ ✤

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မုခ်ဦးအနီး ယာဉ်ရပ်နားရန်နေရာဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်အတွင်းရှိ (၆)လမ်းတံတားအနီးဝန်းကျင်နှင့် ငလိုက်ချောင်းတစ်လျှောက် သန့်ရှင်းသာယာရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ငလိုက်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူ(၁၀)ရပ်ကွက် လက်ပံခါးလှအတွင်းရှိ အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းသာယာလှပစေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းပတ်ဝန်းကျင် အမြဲသန့်ရှင်းသာယာလှပစေရေးကို အလေးထားဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် မြတ်မင်္ဂလာလမ်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မုခ်ဦးအနီး ယာဉ်ရပ်နားရန်နေရာဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများကို သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများ ပြည့်မီစွာဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးစေရေး စနစ်တကျဆောင်ရွက်ရန်၊ ယာဉ်ရပ်နားရန်နေရာနှင့် ဘုရားအုတ်တံတိုင်းကြား အရိပ်ရပင်နှင့် အလှပန်းပင်များစိုက်ပျိုးရန်တို့ကို မှာကြားသည်။

ယင်းနောက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ (MICC-I)တွင် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လုပ်ငန်းခွင်ဆောင်ရွက်ရာတွင် မူလအဆောက်အအုံကို ထိခိုက်မှုမရှိစေရေး အထူးအလေးထားထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ

ပန်းတောင်း ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်း မဏ္ဍာသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်က ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ကာယ၊ ဉာဏဆုရရှိကြသော ကျောင်းသား ကျောင်းသူ ၈၁ ဦးတို့အား တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဆုများ ပေးအပ်ချီးမြှင့်ကာ ဧည့်သည်တော်များနှင့် ကျောင်းသားမိဘများအား အကပဒေသာများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**




❖ စာမျက်နှာ ၁၀ မှ

မျိုးဆက်သစ်တွေရဲ့ အနာဂတ်တွေကို ထိခိုက်ပျက်စီးစေခြင်းဖြစ်ပါတယ်။ ပျက်စီးသွားတဲ့ ရုပ်ပိုင်းဆိုင်ရာတွေက ပြန်လည်တည်ဆောက်ဖို့လွယ်ကူပေမယ့် စိတ်ပိုင်းဆိုင်ရာပျက်စီးမှုတွေဟာ အချိန်များစွာ ပြန်လည်တည်ဆောက်ယူရမှာဖြစ်ပါတယ်။

### ပြည့်အင်အားတည်ဆောက်

မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးတွေဟာ အချင်းချင်းဖြစ်တဲ့ သဘောထားကွဲလွဲမှုတွေဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး အချင်းချင်း ကာလရှည်ကြာစိတ်ဝမ်းကွဲတဲ့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးဟာ အခက်အခဲတွေရှိနေဆဲပါ။ ဒါကြောင့် နိုင်ငံတည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်ကိုပြပါဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပဲ ညွှန်ပြရမှာဖြစ်ပါတယ်။ မတူကွဲပြားမှုတွေများပြားတဲ့ မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဟာ မရှိမဖြစ်လိုအပ်ပါတယ်။

နိုင်ငံရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကာကွယ်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လိုအပ်ပါတယ်။ နိုင်ငံ့အင်အားဆိုတာ အခြားနေရာမှာမရှိပါဘူး။ နိုင်ငံတွင်းမှာပဲ ရှိပါတယ်။ မြန်မာ့သမိုင်းမှာ နိုင်ငံ့အင်အားလျော့နည်းခဲ့တဲ့အတွက် သူတစ်ပါးရဲ့သိမ်းပိုက်မှုကို ခံခဲ့ရပြီးပါပြီ။ အဲဒီအတိတ်သမိုင်းဟာ ကြီးမားတဲ့သင်ခန်းစာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများစွာ စုစည်းနေထိုင်ကြတဲ့နိုင်ငံမှာ နိုင်ငံ့အင်အားတည်ဆောက်ဖို့ဆိုတာ အခြားနိုင်ငံတွေထက် ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့ မြန်မာနိုင်ငံလို တိုင်းရင်းသားလူမျိုးများပြားပြီး ကြီးမားတဲ့နိုင်ငံတွေမှာတောင် မတူကွဲပြားမှုတွေနဲ့ နိုင်ငံ့အင်အားကို တည်ဆောက်နိုင်ကြပါတယ်။ နိုင်ငံ့အင်အားတွေဆိုတာ အလိုလိုဖြစ်လာတဲ့အရာတွေ မဟုတ်ပါဘူး။ တောင်းဆိုနေရုံ၊ တိုက်တွန်းနေရုံနဲ့လည်းမရပါဘူး။ အားလုံးက စိတ်တူကိုယ်တူနဲ့ လက်တွေ့တည်ဆောက်ယူကြရတာပါ။ အဲဒီလိုတည်ဆောက်ဖို့ဆိုတာကလည်း အပြောလွယ်သလောက် လက်တွေ့မှာ နက်နဲ ရှုပ်ထွေးမှုတွေ များပြားပါတယ်။ ထိရောက်တဲ့ရလဒ်ရရှိဖို့အတွက် ကြိုးစားအားထုတ်မှု၊ ပေးဆပ်မှု၊ အရည်အချင်း၊ ခေါင်းဆောင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်ရင်းစေတနာတွေ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် လွတ်လပ်ရေးမရခင်ကတည်းက ကြိုးပမ်းခဲ့ကြပါတယ်။ လွတ်လပ်ရေးရယူဖို့အတွက် ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြပေမယ့် လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ ဝါးအစည်းပြေသလို ပြေသွားခဲ့ပါတယ်။ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးနဲ့ပတ်သက်လို့ ဖြစ်လာတဲ့နိုင်ငံရေးဝိဝါဒတွေဟာ လက်နက်ကိုင်တိုက်ခိုက်မှုတွေကို မီးမွှေးပေးလိုက်သလိုပါပဲ။

> **ပြည်တွင်းအားတွေ တည်ဆောက်ဖို့အတွက် ဦးစွာ ပြည်တွင်းအားကို လျော့ကျစေတဲ့ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့နဲ့ လျှော့ချဖို့လိုပါတယ်။ ပဋိပက္ခ တစ်ရပ်ကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဆိုတာ အကြမ်းမဖက်ဘဲ အပြုသဘောဆောင်တဲ့ နည်းလမ်းတွေနဲ့ အငြင်းပွားမှု ဒါမှမဟုတ် သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းခြင်းနဲ့ ဖြေရှင်းတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီတော့ အချင်းချင်း သဘောကွဲလွဲတာတွေ ပြေလည်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ နိုင်ငံတည်ဆောက်ရေးတို့အတွက် ငြိမ်းချမ်းစွာ ဖြေရှင်းတဲ့နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေဟာ အဓိက လိုအပ်ချက်အဖြစ်တွေ့ရ**

တဖြည်းဖြည်းနှစ်ကာလကြာရှည်လာတဲ့ တိုင်းရင်းသားပဋိပက္ခတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်တွင်းအားတွေကို လျော့နည်းစေခဲ့ပါတယ်။ ပြည်တွင်းအားတွေ လျော့နည်းလာခြင်းဟာ ကိုယ်ခံအားလျော့ကျလာတဲ့ လူတစ်ယောက်လိုပါပဲ။ ကိုယ်ခံအားလျော့ကျလာတာနဲ့ အခြားရောဂါမျိုးစုံဝင်လာမှာပါ။ အခြားရောဂါတွေဝင်မလာဖို့ဆိုရင် ကိုယ်တိုင်က ကိုယ်ခံအားကောင်းနေဖို့ ကြိုးစားတည်ဆောက်ရမှာဖြစ်ပါတယ်။

### ငြိမ်းချမ်းစွာဖြေရှင်းရေး

ပြည်တွင်းအားတွေ တည်ဆောက်ဖို့အတွက် ဦးစွာပြည်တွင်းအားကို လျော့ကျစေတဲ့ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့နဲ့ လျှော့ချဖို့လိုပါတယ်။ ပဋိပက္ခတစ်ရပ်ကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဆိုတာ အကြမ်းမဖက်ဘဲ အပြုသဘောဆောင်တဲ့ နည်းလမ်းတွေနဲ့ အငြင်းပွားမှု ဒါမှမဟုတ် သဘောထားကွဲလွဲမှုတွေကို ဖြေရှင်းခြင်းနဲ့ ဖြေရှင်းတဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီတော့ အချင်းချင်းသဘောကွဲလွဲတာတွေ ပြေလည်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနဲ့ နိုင်ငံတည်ဆောက်ရေးတို့အတွက် ငြိမ်းချမ်းစွာဖြေရှင်းတဲ့နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေဟာ အဓိကလိုအပ်ချက်အဖြစ် တွေ့ရပါတယ်။

ဖြေရှင်းရာမှာလည်း ပြဿနာတွေဟာ ကွင်းဆက်ပမာ ဆက်နွှယ်နေတဲ့အတွက် ဟန်ချက်ညီညီဖြေရှင်းဖို့လိုပါတယ်။ ပဋိပက္ခတွေမပြေလည်ဘဲနဲ့ အမျိုးသားရင်ကြားစေ့ရေး မတည်ဆောက်နိုင်သလို အမျိုးသားရင်ကြားစေ့ရေးမရှိဘဲနဲ့ ငြိမ်းချမ်းရေးရဖို့ ခက်ခဲပါတယ်။ ငြိမ်းချမ်းမှုမရှိဘဲနဲ့ နိုင်ငံတည်ဆောက်ဖို့ဆိုတာ မလွယ်ကူပါဘူး။ နိုင်ငံရေးမကျေလည်မှုတွေနဲ့ပတ်သက်လို့ ယခင်ကလည်း တွေ့ကြုံခဲ့ရပြီးပါပြီ။ အဲဒီသဘောကွဲလွဲတာတွေကို ခေတ်အဆက်ဆက်ဖြေရှင်းခဲ့ကြပေမယ့် ပြဿနာတွေရဲ့အခြေခံဇာစ်မြစ်ကို ထိရောက်စွာမဖြေရှင်းနိုင်သေးပါဘူး။ ပြဿနာရဲ့အကိုင်းအခက်ဖြစ်တဲ့ လက်နက်ကိုင် တိုက်ခိုက်မှုတွေကိုသာ ဖြေရှင်းနေတုန်းပါ။

အဲဒီတော့ ပြဿနာရဲ့မူလအရင်းခံအကြောင်းတရားတွေကို ဖြေရှင်းဖို့အတွက် သက်ဆိုင်သူတွေအားလုံး ညှိနှိုင်းဆွေးနွေးကြဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ပဋိပက္ခတွေကို အမာနည်းနဲ့ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခဲ့ကြလို့ ရှိပြီးသားပြဿနာတွေ မပြေလည်တဲ့အပြင် ပြဿနာအသစ်တွေနဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ငြိမ်းချမ်းစွာနဲ့ မျှတစွာမဖြေရှင်းနိုင်ခြင်းက ပဋိပက္ခတွေကို ပိုပြီးကြာရှည်စေခဲ့ပါတယ်။

နောက်ပြီး ပြဿနာတစ်ရပ်ဖြေရှင်းရာမှာ ကိုယ်ဖြစ်ချင်တာတစ်ခုတည်းကိုပဲ ဇွတ်မိုတ်ရပ်တည်နေခြင်းကလည်း အပြုသဘောရလဒ်တွေနဲ့ ဝေးကွာစေခဲ့ပါတယ်။ ဒီတော့ သူ့ဘက်ကိုယ့်ဘက် ပြည်သူလူထုဘက်ဆိုတဲ့ သုံးဘက်မြင်ကြည့်ဖို့လိုပါတယ်။ ပဋိပက္ခတွေရဲ့ ကျယ်ပြန့်မှု၊ နက်ရှိုင်းမှုနဲ့ ရှုမြင်မှုတွေဟာ ပါဝင်ပတ်သက်သူတွေအပေါ်မူတည်နေတဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် မှန်ကန်တဲ့စေတနာနဲ့ ရိုးသားမှုရှိမှ ယုံကြည်မှုရရှိပြီး ငြိမ်းချမ်းစွာဖြေရှင်းရေးကို ထိရောက်စေပါလိမ့်မယ်။ ဒါ့အပြင် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် နားလည်မှု၊ ပူးပေါင်းလုပ်ဆောင်မှု၊ အပြုသဘောဆက်ဆံရေးတွေ တည်ဆောက်နိုင်ပြီး ရေရှည်ငြိမ်းချမ်းရေးအတွက် ဝန်းကျင်ကောင်းတွေ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဌမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဌမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ ဖြင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင် လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်း ငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၄၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း-၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဘုရားစေတီများမှဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၉၁ ဦး၊ အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၉၆ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိ သာသနဝ္ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း ရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-


ဦးမြဝင်း


ဦးလှသိန်း


ဦးစိုးကျော်

**ဦးမြဝင်း (ပြည်ရွှေဆံတော်)**

နိုင်ငံတော်အကြီးအကဲကနေပြီး ခက်ခဲပင်ပန်းစွာတည်ဆောက်ထားတဲ့ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ချင်နေတဲ့ဆန္ဒရှိတာ ကြာပါပြီ။ ဆန္ဒကိုပြည့်ဝသွားအောင်လို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူတွေက ပံ့ပိုးကူညီပေးတဲ့အတွက်ကြောင့် အခုလိုဖူးမြော်ရတာဖြစ်ပါတယ်။ အခုလိုလာရောက်ဖူးမြော်ရတဲ့အခါမှာ ပြည်ခရိုင်လေးမြို့နယ်ရှိ ဘုရား၁၂ဆူမှ ဂေါပက ၉၁ ယောက်ကို နိုင်ငံတော်အစီအစဉ်နဲ့ လာရောက်ဖူးမြော်ရတဲ့အတွက်ကြောင့် ဂေါပကလူကြီးတွေက မပင်မပန်းဘဲ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရတာအထူးပင်ကျေးဇူးတင်ပါတယ်။ ဒီလိုဖူးမြော်ရတဲ့အတွက် ကမ္ဘာ့အလယ်မှာ တင့်တယ်စွာနဲ့မြင်တွေ့ရတဲ့အတွက် ပိုမိုဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလို ဘုရားကြီးဖြစ်ပေါ်လာဖို့အတွက်နိုင်ငံတော်အကြီးအကဲတွေက အခက်အခဲများစွာနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ပြီး အများပြည်သူတွေကနေ အလွန်ပင်ဖူးမြော်ကြည်ညိုချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ အခုလို တည်ဆောက်ပေးတဲ့နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူးပင်ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

**ဦးလှသိန်း (ပေါက်ခေါင်းလေးမျက်နှာစေတီ)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို အင်ဂျင်နီယာအစွမ်း၊ အနုပညာအစွမ်းနဲ့ လက်မှုပညာအစွမ်းတွေနဲ့ တည်ဆောက်ထားတာဖြစ်တဲ့အတွက် ဖူးမြော်ရတာ အလွန်ဝမ်းသာကြည်နူးမိပါတယ်။ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးထိုင်တော်မူရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုရတဲ့အတွက် အတိုင်းမသိဖြစ်ရပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ဂေါပကအဖွဲ့တွေကို လာရောက်ဖူးမြော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တိုင်းဒေသကြီးမှတာဝန်ရှိသူတွေနဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ရှိပါတယ်။

**ဦးစိုးကျော် (ရွှေပလ္လင်မှော်စေတီ)**

တိုင်းဒေသကြီးရဲ့ လမ်းညွှန်မှုနဲ့ လာရောက်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာကြည်နူးစရာတစ်ခုဖြစ်ပါတယ်။ ဒီကိုလာရောက်တော့ တိုးတက်မှုတွေမြင်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်လည်း ကျွန်တော်တို့လို ဘာသာရေးလုပ်နေတဲ့ဂေါပကအဖွဲ့တွေကို နိုင်ငံတော် အကြီးအကဲတွေက ဘုရားဖူးတွေ ထပ်မံပို့ဆောင်ပေးပါလို့ မေတ္တာရပ်ခံတောင်းဆိုအပ်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့တာဝန်ရှိသူတွေနဲ့ လာရောက်ဘုရားဖူးရာမှာ လိုက်လံရှင်းလင်းပြသပေးသူတွေ၊ ကြိုဆိုသူတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ဝမ်းသာပီတိဖြစ်ရပါတယ်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်

**တိုက်ကြီး ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်အရ တိုက်ကြီးခရိုင် မီးသတ်ဦးစီးမှူး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောသန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် ဥက္ကံမြို့နှင့် အဖျောက်မြို့တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်းများကို မီးငြှိမ်းသတ်ယာဉ်များဖြင့် လှည့်လှည် နှိုးဆော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဥက္ကံမြို့နှင့် အဖျောက်မြို့တို့အတွင်းရှိ ပြည်သူများအနေဖြင့် ပွင့်လင်းရာသီ ရောက်ရှိနေပြီဖြစ်သည့်အတွက် မီးဖိုမီးသုံးစွဲပြီးပါက မီးကြွင်း၊ မီးကျန် မရှိစေရေး စနစ်တကျငြိမ်းသတ်ကြရန်၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲပြည့်စုံစွာထားရှိရန်၊ မီးဖိုများကို မြေကျင်းတူး၍ အကာအရံဖြင့် ထားရှိရန်၊ လျှပ်စစ်မီးသုံးစွဲရာတွင်လည်း သတိပြုသုံးစွဲကြရန် လှည့်လည်သတိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ဂျပန်နိုင်ငံက လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်သည့် ပဉ္စမမြောက်နိုင်ငံ ဖြစ်လာ



**တိုကျို ဇန်နဝါရီ ၂၀**

ဂျပန်နိုင်ငံက လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်သည့် ပဉ္စမမြောက်နိုင်ငံဖြစ်လာကြောင်း သိရသည်။

ဂျပန်အာကာသအေဂျင်စီ တာဝန်ရှိသူများက လကမ္ဘာပေါ်သို့ မောင်းသူမဲ့ အာကာသယာဉ်ကို အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း ယနေ့ ပြောကြားသည်။ ဂျပန်သည် ယခင်ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်၊ တရုတ်နှင့် အိန္ဒိယတို့ပြီးပါက ပဉ္စမမြောက် နိုင်ငံဖြစ်သည်။

ဂျပန်အာကာသအေဂျင်စီသည် ပြီးခဲ့သည့် စက်တင်ဘာလတွင် လဆင်းယာဉ်ကို ကာဂိုရှီမာ စီရင်စုရှိ တာနီဂါရှီမာအာကာသယာဉ်လွှတ်တင်ရေး စင်တာမှ လွှတ်တင်ခဲ့သည်။

ဇန်နဝါရီ ၂၀ ရက်တွင် အဆိုပါလဆင်းယာဉ် Smart Lander For Investigating Moon သည် လကမ္ဘာပေါ်သို့အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားသည်။

လဆင်းယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ဆိုလာဘက်ထရီသည် စွမ်းအင်ထုတ်ပေးခြင်းမရှိသေးသော်လည်း အခြားသော စက်ပစ္စည်းများသည် ကောင်းမွန်စွာ လည်ပတ်လျက်ရှိကြောင်း ၎င်းတို့က ပြောသည်။

လကမ္ဘာပေါ်သို့ ဆင်းသက်ရန်ကြိုးပမ်းမှုများတွင် ပုဂ္ဂလိကကဏ္ဍမှလည်း ပါဝင်လာပြီး လမျက်နှာပြင်ကို စူးစမ်းလေ့လာရန် ကမ္ဘာ့နိုင်ငံများက အပြိုင်ကြိုးစားလျက်ရှိသည်။

အမေရိကန် အာကာသအေဂျင်စီ နာဆာသည် ၂၀၂၆ ခုနှစ်တွင် လကမ္ဘာပေါ်သို့ လူလိုက်ပါသော မစ်ရှင်တစ်ခုကို လွှတ်တင်ရန် ရည်မှန်းထားသည်။ ၎င်းသည် ရာစုနှစ်ဝက်ခန့်အတွင်း ပထမဆုံး ကြိုးပမ်းမှု ဖြစ်လာမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်းသေဆုံးသူ ၂၄၇၆၂ ဦးအထိ ရှိလာ

**ဂါဇာ ဇန်နဝါရီ ၂၀**

ဂါဇာကမ်းမြောင်ဒေသ၌ ဇန်နဝါရီ ၁၉ ရက်တွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေ ၂၄၇၆၂ ဦးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

အစ္စရေးစစ်ဘက်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၁၄၂ ဦး သေဆုံးပြီး ၂၇၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်ကာ ယခုချိန်အထိ ဆက်လက်ဖြစ်ပွားနေသော အစ္စရေး-ဟားမတ်စ် ပဋိပက္ခကြောင့် ပါလက်စတိုင်း ၆၂၁၀၈ ဦး ဒဏ်ရာရရှိခဲ့ပြီး လူနာတင်ယာဉ်နှင့် အရပ်ဘက် ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ဒဏ်ရာရရှိသူများထံသို့ မရောက်ရှိနိုင်ခြင်းကြောင့် သေဆုံးသူ အများအပြားမှာ အပျက်အစီးများအောက်တွင် ရှိနေဆဲဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇန်နဝါရီ ၁၈ ရက်က ဖြစ်ပွားခဲ့သော ပါလက်စတိုင်း ရှစ်ဦးထက်မနည်း သေဆုံးခဲ့သည့် ၄၅ နာရီကြာ ကြီးမားသော စစ်ဆင်ရေးအပြီးတွင် အစ္စရေးတပ်ဖွဲ့ဝင်များသည် တာလ်ခမ်းမြို့မှ ညတွင်းချင်း ဆုတ်ခွာသွားခဲ့ကြောင်းလည်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာနှင့် လုံခြုံရေးသတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## အမေရိကန်နိုင်ငံ၌ ယခုရာသီတွင် တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၁၀၀၀ ခန့်ရှိ

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၀**

အမေရိကန်ပြည်ထောင်စု၌ ယခုတုပ်ကွေးရာသီတွင် တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၆ သန်းထက်မနည်းရှိခဲ့ကာ ဆေးရုံတက်ရသူ ၁၈၀၀၀၀ ရှိခဲ့ကြောင်းနှင့် တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၁၀၀၀ ခန့်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အဆိုအရ ယခုရာသီတွင် အမေရိကန်ပြည်ထောင်စု၌ တုပ်ကွေးရောဂါနှင့်ဆက်စပ်၍ ကလေးသူငယ်သေဆုံးမှု စုစုပေါင်း ၄၇ ဦးရှိကြောင်း သိရသည်။

၂၀၂၃ နှစ်ကုန်အထိ အညွှန်းကိန်းများအရ ရက်သတ္တပတ်အတော်ကြာ တုပ်ကွေးဖြစ်ပွားမှု တိုးလာပြီးနောက် လက်ရှိအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တုပ်ကွေးရောဂါဖြစ်ပွားမှု ကျဆင်းခြင်းသို့မဟုတ် တည်ငြိမ်လာခြင်းများ ရှိလာခဲ့သည်ကို သတိပြုမိခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာသည် ဆောင်းရာသီအားလပ်ရက်များအပြီးတွင် မကြာခဏဖြစ်ပွားလေ့ရှိသော တုပ်ကွေးရောဂါဖြစ်ပွားမှုကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## ဂါနာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ကန်ဒေါ်လာ သန်း ၆၀၀ ထောက်ပံ့

**အက်ကရာ ဇန်နဝါရီ ၂၀**

ဂါနာနိုင်ငံက နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ထောက်ပံ့ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကို ဇန်နဝါရီ ၂၀ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ဂါနာနိုင်ငံအစိုးရက ကြေညာခဲ့သည်။

ဂါနာနိုင်ငံသည် ၎င်း၏ ပြင်ပကြွေးမြီများအနက်မှ တချို့ကို ပြန်လည်ပေးဆပ်ရန် တရားဝင် မြီရှင်များနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေထောက်ပံ့ရေးဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရ**

အာဖရိကဒေသတွင် တစ်ချိန်က စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံတစ်ခုအဖြစ် အဆင့်သတ်မှတ်ခံထားရသော ဂါနာနိုင်ငံသည် မကြာသေးမီနှစ်များအတွင်း ငွေကြေးဖောင်းပွမှု၊ ငွေလဲနှုန်းအတက်အကျနှင့် လူနေမှုစရိတ်များ မြင့်တက်လာမှုကြောင့် ပြင်းထန်သော စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဂါနာနိုင်ငံအစိုးရသည် ပြီးခဲ့သောမေလတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ဒေါ်လာ သုံးဘီလီယံ ချေးငွေအတွက် အတည်ပြုချက်ရယူခဲ့ပြီး စီးပွားရေးပြန်လည်ဦးမော့လာစေရန် တွန်းအားပေးရန်နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် မျှော်လင့်လျက်ရှိသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

## တူရကီယဲနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးဖြစ်လာသည့် တူရကီယဲလေတပ်မှ တိုက်လေယာဉ်မှူး ဗိုလ်မှူးကြီး အလ်ပါဂျီဇီရာဗစ်

**အန်ကာရာ ဇန်နဝါရီ ၂၀**

အသက် ၄၄ နှစ်အရွယ် တူရကီယဲလေတပ်မှ တိုက်လေယာဉ်မှူး ဗိုလ်မှူးကြီး အလ်ပါဂျီဇီရာဗစ်သည် ပထမဆုံးသော တူရကီယဲနိုင်ငံ၏ အာကာသယာဉ်မှူးဖြစ်လာကြောင်း သိရသည်။

အလ်ပါဂျီဇီရာဗစ်သည် ဇန်နဝါရီ ၁၈ ရက်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ နာဆာ၏ ကနေဒီအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ နိုင်ငံတကာအာကာသစခန်း (ISS) သို့ရက်သတ္တနှစ်ပတ်ကြာ ခရီးစဉ်ကို စတင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူများက အာကာသယာဉ်မှူး အယ်ပါဂျီဇီရာဗစ်၏ ပထမဆုံးသော အာကာသခရီးစဉ်စတင်မှု တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်ကို အစ္စတန်ဘူမြို့၊ အန်ကာရာမြို့များအပါအဝင် အခြားသောမြို့များရှိ ပြည်သူ့ရင်ပြင်များ၌ တပ်ဆင်ထားသော ဖန်သားပြင်ကြီးများပေါ်တွင် တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။




"ငါတို့နိုင်ငံရဲ့ အနာဂတ်သည် အာကာသအတွင်း စူးစမ်းလေ့လာဖို့ဖြစ်တယ်" ဟူသည့် တူရကီယဲနိုင်ငံတည်ထောင်သူ Mustafa Kemal Ataturk ၏ ကျော်ကြားသောဆောင်ပုဒ်ကို အာကာသယာဉ်မှူး အလ်ပါဂျီဇီရာဗစ်က အာကာသအတွင်းမှ ပထမဆုံး သတင်းစကားအဖြစ် ပြောကြားခဲ့သည်။

ထို့ပြင် အာကာသအတွင်းသို့ စူးစမ်းလေ့လာရေး ခရီးသွားခြင်းကို အလွန်ပင်နှစ်သက်ပါကြောင်း ၎င်းက ဆက်လက်ပြောသည်။

တူရကီယဲစက်မှုလက်မှုနှင့် နည်းပညာဝန်ကြီး မီဟ်မတ်ဖစ်ကာဆာက အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ပြုလုပ်သည့် အလ်ပါဂျီဇီရာဗစ်၏ အာကာသခရီးစဉ်စတင်မှုအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အလ်ပါဂျီဇီရာဗစ်သည် သိပ္ပံဆိုင်ရာ စမ်းသပ်မှု ၁၃ ခုကို ပြုလုပ်မည်ဖြစ်ကြောင်းလည်း တူရကီယဲစက်မှုလက်မှုနှင့် နည်းပညာဝန်ကြီး မီဟ်မတ်ဖစ်ကာဆာက ဆိုသည်။

အဆိုပါစမ်းသပ်မှုများသည် ကမ္ဘာပေါ်ရှိ သိပ္ပံစာပေအတွက် ကောင်းမွန်သည့် အထောက်အပံ့များ ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူရကီယဲသမ္မတ အာဒိုဂန်က နိုင်ငံ၏သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ကြောင်း ၎င်း၏ဗီဒီယိုသတင်းတွင် ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# မိုးကုတ်မြို့နယ် ပိန်းပြစ်ရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ခြောက်နှစ် အရွယ်ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ နှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာကို ဇန်နဝါရီ ၁၈ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ခြောက်နှစ် အရွယ်ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူနှစ်ဦး သေဆုံးခဲ့ကြောင်းကို TNLA သောင်းကျန်းသူများထံမှ သိရကြောင်း ကောလာဟလသတင်းများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit နှင့် DVB တို့က လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ မိုးကုတ်မြို့နယ် ပိန်းပြစ်ကျေးရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှု မရှိပါကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ်ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် အတွက် ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးမိတ်မြို့သို့ တပ်မတော်က လေကြောင်းတိုက်ခိုက်မှုကြောင့် မြို့မဈေးတစ်ခုလုံး မီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၂၀

မိုးမိတ်မြို့သို့ တပ်မတော်က လေကြောင်းအသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဇန်နဝါရီ ၁၉ ရက်တွင် မြို့မဈေးရှိ ဆိုင်ခန်း ၃၀၀ ကျော် မီးလောင်ခဲ့သည့်အပြင် နေအိမ်အချို့လည်း မီးလောင်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ KIA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက မိုးမိတ်မြို့အတွင်း နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တပ်စခန်းများကို လာရောက်တိုက်ခိုက်လျက်ရှိပြီး မိုးမိတ်မြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရန်းသန်းပစ်ခတ်ခဲ့သည့်အတွက် ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီခန့်တွင် မြို့မဈေးအတွင်းကျရောက်ပေါက်ကွဲခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ဒေသခံပြည်သူများက အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Skylube Lubricant ကီလိုဂရမ် ၃၃၃၂၀ ၊ 2 Furnace Door နှစ်စုံ၊ Koyo Lubricants ၄၀၂၇ ကီလိုဂရမ်၊ Beta Three 2 Way Speaker နှစ်စုံ၊ 9″Speaker Accessories ၂၂ ခု အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၃၉၀၂၈)ကိုလည်းကောင်း၊ မရမ်းချောင် အမြတ်မ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်



အထားတင်ပြနိုင်ခြင်းမရှိသည့် ကားအပိုပစ္စည်း Denso Motor အခု ၆၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၈၃၉၀၂၈) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် ပဲခူးမြို့ ကလိကျေးရွာ စိုးရတနာလင်းဆီဆိုင်အနီး၌ လိုင်စင်မဲ့ Hond Fit ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေ အရလည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၄၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဝေါမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၁၉၄၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာအမှုတွဲ ၁၀ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅၅၈၄၂၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက်တူချားကျေးရွာ
- ၀၉:၁၅ ကာတွန်းအစီအစဉ် **'တီရွှာနှ်ပြိုင်ဘော်၏ဇာတ်လမ်း'**(အပိုင်း-၁၇)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု အစီအစဉ် **'ရခိုင့်စိတ်ဓါတ်သံ'** တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၄၅ MRTV National News
- ၁၃:၁၅ ဆေးရောင်စုံရုပ်ရှင် **'မြင့်မိုရ်ထက်ကသရဏ'** (နေတိုး၊ဗိုဗိုမြင့်အောင်၊အိန္ဒြာကျော်ဇင်)
- ၁၆:၄၀ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၅ Economic Review
- ၁၈:၃၀ ဘယ်သူမှန်လဲအပြိုင်ကြ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'သုတောင်းပြည့်ကြယ်တာရာ စတားလာ'** (အပိုင်း-၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကြွေလည်းဝေမြဲတမ်းတဆဲ **'ထိဝ်တန်းတေးဖြုတဆိုတရင်းဝင် အနုပညာရှင်'** (အပိုင်း-၂)(တွံတေးသိန်းတန်)
- ၂၁:၂၀ မြန်မာစီဒီယိုဇာတ်လမ်း **'အချစ်ရိုးရာပုံပြင်'** (အောင်ရဲလင်း၊အိန္ဒြာကျော်ဇင်)

### mitv

- 07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
- 07:11 Bagan Lacquerware
- 07:25 Khema Yama Nunnery School
- 07:39 Sri Ksetra, Field of Fortune & Glory (Part-3)
- 08:01 News
- 08:28 Myanmar Traditional Cart Business
- 08:50 Myanmar Masterclass: Artist Khin Maung Zaw
- 09:02 Myanma Gone Yi U Sein Tun Kyi
- 09:27 Today Myanmar: Migratory Birds in Moeyungyi Wildlife Sanctuary
- 09:35 Nutitious Avocado Foods
- 09:51 Paper Art Creator
- 10:28 The Four Famous of Bagan
- 10:47 Perspectives: Microfinance Institution (MFI) Business

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ရခိုင့်စိတ်ဓါတ်သံ

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ချောကလက်အိမ်မက်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
သခွားသီးသုပ်

**ဝကေကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၇)

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
နှစ်(၁၀၀)ကျော်ရှိပြီးဖြစ်တဲ့ကရင်ရိုးရာလုံချည်

**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်

**ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)**
ရင်သားကင်ဆာအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
တောင်ယာခုတ်ရန်ဆုတောင်းခြင်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၄၅ News Desk

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ငပ‌ေငွေးချယ်ရှ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂၃)

### MRTV FARMERS' HTV

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၃၀ နံစားပြောင်းကိုအခြေခံ၍ ကွတ်ကီးပြုလုပ်နည်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၀၇:၄၅ ဝါးမှသည်...ရွှေ
- ၁၈:၀၀ Thirteem_Lives_2022 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ပင်လယ်ရေချမ်းနွေမှာခမ်း (ဇာတ်လမ်း)

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၈:၄၅ Weekend News

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဝေါမြို့နယ်အတွင်း ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများဖြင့် နယ်လှည့်ကွင်းဆင်းဆေးကုသမှု သွားရောက်ကြည့်ရှုအားပေး

ဝေါ ဇန်နဝါရီ ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ဝေါမြို့နယ်အတွင်း ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများဖြင့် နယ်လှည့်ကွင်းဆင်းဆေးကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်ပြီး ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး သွားလာရခက်ခဲသော ကျေးရွာများမှ ဒေသခံပြည်သူများလည်း ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ရေး လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီများနှင့်ချိတ်ဆက်၍ သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးသွားရန်၊ အခြေခံစားသုံးကုန်များဖြစ်သည့် ဆန်၊ဆီ၊ အသား/ဥများကို ဈေးနှုန်းသက်သာစွာဖြင့် တစ်ပါတည်း ရောင်းချပေးနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး လိုအပ်သော ဆေးဝါးများ ဖြည့်တင်းနိုင်ရေး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့နယ် ကံမြင့်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သက်တမ်းတိုပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမြေများ စနစ်ကျလယ်ယာမြေသို့ ပြောင်းလဲနိုင်ရေး၊ စိုက်ပျိုးရေရရှိနိုင်ရေးနှင့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး အကျယ်တဝင့်ရှင်းလင်းပြောကြားပြီးဒေသခံတောင်သူများအား ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်ရေးနှင့် မြေဆီမြေနှစ်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

### လမ်းညွှန်မှာကြား

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး ကြီးကြပ်မှုကော်မတီ၏ ၁၀ တန်းသွားမျိုးစေ့ချခြင်းနှင့် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးပြီး မြို့နယ်အလိုက် ကြဲခင်းစနစ်များ ပပျောက်စေရေး အသိပညာပေးခြင်းများ၊ မျိုးစေ့ချစက်များ၊ လက်ဆွဲကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (၃၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးမှ ဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၏ စကားသံများ

**အင်တာဗျူး - မော်ညိမ်း**
**ဓာတ်ပုံ - ကနူး**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းသည် နိုင်ငံတော်အစိုးရ၏ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့် စီးပွားရေးဦးတည်ချက်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသင်းတစ်ခုဖြစ်ပြီး ယင်းအသင်းကြီး၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရှိ မင်္ဂလာခန်းမဌကျင်းပရာ တာဝန်ရှိသူများ၏စကားသံတို့ကို ဖော်ပြလိုက်ပါသည်။



ဦးဆန်းလင်း



ဦးမောင်မောင်ဇော်


ဦးအောင်ရွှေ


ဒေါ်မိုးမိုးတင်

**ဦးဆန်းလင်း**
**(မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

ကျွန်တော်တို့အသင်းအနေနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီတွေ တင်သွင်းရရှိရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေး၊ စားသုံးသူတွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်းမှာ ဆီထွက်သီးနှံ ထွက်ရှိမှု အားနည်းတဲ့အတွက် ပြည်ပကနေ တင်သွင်းဖြန့်ဖြူးရောင်းချနေရတာကြောင့် ဆီထွက်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ပြီး စားသုံးဆီဖူလုံရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီတွေကို ပြည်ပပေါက်ဈေးအတိုင်း အပတ်စဉ် တွက်ချက်ထုတ်ပြန်ပြီး ရောင်းချပေးလျက်ရှိပါတယ်။ ဝယ်ယူရရှိသူတွေအနေနဲ့ အပတ်စဉ် တွက်ချက်ထားတဲ့ ရည်ညွှန်းဈေးအပေါ်မှာ နှစ်ရာခိုင်နှုန်း အကျိုးအမြတ်နဲ့ စရိတ်စကပေါင်းပြီး ရောင်းချပေးရမယ်လို့ သတ်မှတ်ထားပါတယ်။ စားသုံးသူတွေအနေနဲ့ စိုးရိမ်စိတ်နဲ့ စားသုံးဆီဝယ်ယူစုဆောင်းတာမျိုးကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။

ယနေ့နှစ်ပတ်လည် အစည်းအဝေးဟာ သုံးနှစ်တစ်ကြိမ်ကျင်းပတဲ့ အမှုဆောင်သက်တမ်းရွေးချယ်တင်မြှောက်ပွဲလည်းဖြစ်ပါတယ်။ ဆီထွက်သီးနှံအများဆုံး ထွက်ရှိတဲ့ဒေသတွေ အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ်တို့မှာ အသင်း ခွဲပေါင်း ၄၄ သင်းရှိပါတယ်။ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပအထိ တင်ပို့နိုင်ဖို့ နိုင်ငံရဲ့ စီးပွားရေးဦးတည်ချက်မှာ ပါဝင်တဲ့အတွက် အသင်းအနေနဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေးကို နိုင်ငံတော် အကြီးအကဲတွေ၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်လျက်ရှိပါတယ်။

**ဦးမောင်မောင်ဇော်**
**(MD- Global Good Pure Group)**

IV-58(Iodine Value)ရှိတဲ့ နိုင်ငံတကာ အရည်အသွေးမီ စားသုံးဆီတွေကို အင်ဒိုနီးရှားနိုင်ငံနဲ့ မလေးရှားနိုင်ငံက တင်သွင်းနေတာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ဆီတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေ စမ်းသပ်စစ်ဆေးပြီးမှ ဖြန့်ဖြူးရောင်းချတာပါ။ အရင်ကတော့ ကုမ္ပဏီတွေအစီအစဉ်နဲ့ ဖြန့်ဖြူးရောင်းချတာပါ။ အခုချိန်မှာတော့ ရောက်ရှိလာတဲ့ဆီတွေကို စားသုံးသူတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီထံအပ်နှံပါတယ်။ သူတို့ကတစ်ဆင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက အသင်းအဖွဲ့နဲ့ တာဝန်ရှိသူတွေထံ ဖြန့်ဝေပြီး စားသုံးသူထံ ဖြန့်ဖြူးရောင်းချပေးပါတယ်။ စားသုံးဆီတင်သွင်းမှုကဏ္ဍမှာ လုံလောက်မှုရှိပါတယ်။ နိုင်ငံတော်အပိုင်းကလည်း စားသုံးဆီအပြည့်အဝတင်သွင်းဖို့အတွက် ကူညီဆောင်ရွက်ပေးနေပါတယ်။ စားသုံးသူတွေအနေနဲ့ ကောလာဟလတွေကြားပြီး မလိုအပ်ဘဲစုဆောင်းတာမျိုး မလုပ်သင့်ပါဘူး။ စားသုံးဆီကို လျှော့ပြီး စားသုံးသင့်ပါတယ်။ နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဈေးနှုန်းတည်ငြိမ်ကျဆင်းရေးနဲ့ စားသုံးဆီတွေ စနစ်တကျတင်သွင်းရေးအပိုင်းမှာ အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် ဆီထွက်သီးနှံနဲ့ စားသုံးဆီကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းဆောင်ရွက်ပြီး ပြည်ပအထိတင်ပို့နိုင်ဖို့အတွက် ကြိုးစားနေတဲ့အပြင် နိုင်ငံတော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနဲ့ အသင်းတို့ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းမှ တိုးတက်အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။

**ဦးအောင်ရွှေ (ငွေသဇင်မင်း မြေပဲဆီသန့်လုပ်ငန်းရှင်)**

ကုန်ကြမ်းတွေ ရှားပါးပြီး ဈေးတက်တဲ့အပိုင်းတွေကြောင့် ကုန်ကြမ်းမှာ ခက်ခဲမှုအနည်းငယ်ရှိတယ်။ နိုင်ငံတော်ကလည်း ဆီထွက်သီးနှံတွေကို ဖူလုံစွာ ထုတ်လုပ်နိုင်အောင် ပံ့ပိုးဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အပိုင်းကလည်း အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး MSMEလုပ်ငန်းတွေကို ဦးစားပေးနေတာတွေ့ရပါတယ်။ ပြည်တွင်းမှာရှိတဲ့ MSME လုပ်ငန်းတွေ ရှင်သန်ဖွံ့ဖြိုးမှသာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှာပါ။ ပြည်ပကတင်သွင်းတဲ့ စားသုံးဆီကဈေးသက်သာတော့ စားသုံးသူတွေအတွက်လည်း အဆင်ပြေပါတယ်။ မြေပဲဆီရောင်းဈေးကမြင့်နေတဲ့အတွက် ဝယ်ယူသုံးစွဲဖို့ အဆင်မပြေဘူး။ ပြည်တွင်းမှာရှိတဲ့ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီဟာ ကျန်းမာရေးနဲ့ညီညွတ်ပေမယ့် ထုတ်လုပ်မှုလျော့ပါးလာပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီကို ဖူလုံစွာထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းထုတ်ကုန်ကိုပဲ ဖူလုံစွာစားသုံးနိုင်ကြမှာပါ။ စားသုံးသူလက်လှမ်းမီတဲ့ စားအုန်းဆီကိုပဲ အခြေခံစားသုံးသူတွေ သုံးစွဲနေပြီး နိုင်ငံတော်ကလည်း ပြည်တွင်းစားသုံးဆီ ဖူလုံအောင် အစဉ်မပြတ်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ဆီစက်ပိုင်ရှင်တစ်ဦးအနေနဲ့ မိမိလုပ်ငန်းကိုဆောင်ရွက်ရာမှာ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး၊ တိုင်းပြည် အကျိုးဆိုတဲ့ အမျိုးသား အကျိုးစီးပွားကို တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်သွားမှာပါလို့ပြောကြားလိုပါတယ်။

**ဒေါ်မိုးမိုးတင်**
**(လသာမြို့နယ် စားသုံးဆီ လက်လီ/ လက်ကား ဖြန့်ဖြူး ရောင်းချသည့် ဆီကိုယ်စားလှယ်)**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းက ကျွန်မတို့အတွက် ရောင်းချပေးတဲ့ ခွဲတမ်းကို လသာမြို့နယ်က စားသုံးသူတွေလက်ဝယ် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနေပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ စီစဉ်ပေးမှုအရ နေ့စဉ်စားသုံးသူတွေ အဆင်ပြေအောင် သက်သာတဲ့ ဈေးနှုန်းနဲ့တိုက်ရိုက်ဝယ်ယူရရှိနိုင်အောင် တနင်္လာနေ့ကနေ စနေနေ့အထိ လက်လီ/လက်ကား ရောင်းချပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ဆီကို မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းပြီး စားသုံးသူတွေလက်ထဲ တိုက်ရိုက်ရောက်ရှိအောင် ဆောင်ရွက်နေပါတယ်။ ပြည်ပကဆီတန်ချိန်တိုးသွင်းဖို့ ရှိတယ်လို့ ကြားသိရတဲ့အတွက် ပြည်တွင်း စားသုံးမှုဖူလုံပြီး လုံလောက်ပိုလျှံလာမှာပါ။ ကျွန်မတို့အနေနဲ့ စားသုံးသူတွေကို တိုက်ရိုက်ဖြန့်ဖြူးရောင်းချရာမှာလည်း အဆင်ပြေစေအောင် ကူညီဆောင်ရွက်သွားမှာပါ။ ။

# အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

မောင်ရွှေရိုး

နိုင်ငံအသီးသီး၏ နိုင်ငံရေးပါတီများသည် မိမိနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံနှင့် ပထဝီနိုင်ငံရေးတို့အပေါ်အခြေခံ၍ ခိုင်မာသောမူဝါဒများဖြင့် အင်အားတောင့်တင်းအောင် တည်ဆောက်ပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် ဖော်ဆောင်လျက်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သောနိုင်ငံပေါင်း ၂၆၅ နိုင်ငံရှိပြီး ပါတီစုံစနစ်ကျင့်သုံးသောနိုင်ငံများမှာ ၁၂၃ နိုင်ငံ၊ အင်အားကြီးပါတီ တချို့ကသာလွှမ်းမိုးထားသော ပါတီစုံစနစ်ကျင့်သုံးသည့်နိုင်ငံများ ၅၁ နိုင်ငံ၊ အင်အားကြီးပါတီ နှစ်ခုမှ ဦးဆောင်သောပါတီနိုင်ငံရေးစနစ်ကျင့်သုံးသည့်နိုင်ငံ ၃၉ နိုင်ငံ၊ ပါတီတစ်ခုတည်းမှ ဦးဆောင်သော နိုင်ငံရေးပါတီစနစ်ကျင့်သုံးသည့်နိုင်ငံ ကိုးနိုင်ငံ၊ ပါတီများဖွဲ့စည်းထူထောင်ထားခြင်းမရှိသောနိုင်ငံ ၂၀ နိုင်ငံနှင့် စစ်ဘက်မှအုပ်စိုးသောနိုင်ငံများ ခြောက်နိုင်ငံ၊ အကြွင်းမဲ့ဘုရင်စနစ်ကျင့်သုံးသောနိုင်ငံ နှစ်နိုင်ငံတို့ဖြစ်ကြသည်။ မည်သည့်စနစ်ကိုကျင့်သုံးကြသည်ဖြစ်စေ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီများ၊ အုပ်ချုပ်သူများက ကာကွယ်စောင့်ရှောက်ကြရသည်သာဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် နိုင်ငံရေးပါတီအမျိုးအစားသုံးမျိုးရှိပြီး နိုင်ငံအဆင့် အသိအမှတ်ပြုပါတီ ခုနစ်ပါတီ၊ ပြည်နယ်အဆင့်အသိအမှတ်ပြုပါတီ ၄၉ ပါတီနှင့် အသိအမှတ်ပြုမခံရသေးသည့် ပါတီများဟူ၍ဖြစ်သည်။ နိုင်ငံအဆင့်ပါတီများသည် နိုင်ငံတစ်ဝန်းလုံးတွင် ကိုယ်စားလှယ်နေရာများရရှိထားပြီး ပြည်နယ်ကြီး သုံးပြည်နယ်၌ အောက်လွှတ်တော်တွင် နေရာစုစုပေါင်း လေးနေရာ (နှစ်ရာခိုင်နှုန်း) အနိုင်ရရှိရမည်။ နောက်ဆုံးကျင်းပခဲ့သည့် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများတွင် ထောက်ခံမဲ ခြောက်ရာခိုင်နှုန်းရရှိရမည်။ အနည်းဆုံးပြည်နယ် လေးပြည်နယ်တွင် ပြည်နယ်အဆင့်ပါတီအဖြစ် အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သည်။ ပြည်နယ်အဆင့် ပါတီများသည် အောက်လွှတ်တော် ၂၅ နေရာအနက် တစ်နေရာရှိပြီး ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ စုစုပေါင်းနေရာ၏ နှစ်နေရာ (သုံးရာခိုင်နှုန်း) အနိုင်ရရှိရမည်။ ထောက်ခံမဲအနည်းဆုံး ခြောက်ရာခိုင်နှုန်းရှိရမည်။ အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်နေရာ မရှိခဲ့လျှင် ယင်းပြည်နယ်၏ စုစုပေါင်းဆန္ဒမဲ ရှစ်ရာခိုင်နှုန်းရရှိရမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အာဏာရနိုင်ငံရေးပါတီမှာ The Bharatiya Janata Party (BJP) ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီ ၆ ရက်နေ့တွင် BJP ပါတီကို တည်ထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တည်ထောင်ခဲ့သော Bharatiya Jana Sangh ပါတီမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး Janata ပါတီကဲ့သို့သော အခြားနိုင်ငံရေးပါတီများနှင့် ပေါင်းစည်းခဲ့သည်။ ဟိန္ဒူမူဝါဒနှင့် ကွန်ဆာဗေးတစ်မူဝါဒများကြောင့် လူသိများခြင်းဖြစ်သည်။ Hindutva သည် ပါတီ၏နိုင်ငံရေးသဘောတရား အခြေခံအုတ်မြစ်ဖြစ်သည်။ ပါတီခေါင်းဆောင်များအနက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် Atal Bihari Vajpayee နှင့် Narendra Modi တို့ဖြစ်သည်။ ပါတီသည် အမျိုးသားမူဝါဒနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတိုးတက်မှု၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှု၊ ခိုင်မာသောနိုင်ငံတော်ကာကွယ်ရေးတို့ကို အဓိကအလေးထားသည်။ ပါတီ၏ဦးတည်ချက်မှာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးဖြစ်သည်။ BJP ပါတီသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကျဆင်းချိန် ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ပါတီခေါင်းဆောင် Narendra Modi သည် လူမှန်၊ နေရာမှန်၊ အချိန်မှန်(The right man, in the right place, at the right time) ကိုဖော်ဆောင်ခဲ့သည်။ ယင်းသည် Gujarat ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆယ်စုနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ရုံမက ရင်းနှီးမြှုပ်နှံမှုအချက်အချာနေရာအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ပြီး Narendra Modi သည် Gujarat ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့်အတိုင်း အိန္ဒိယနိုင်ငံကို ဖော်ဆောင်နိုင်ခဲ့သည်။ ယနေ့အချိန်တွင် BJP ပါတီနှင့်မိတ်ဖက်များသည် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရနှင့် ပြည်နယ် ၂၈ ပြည်နယ်အနက် ပြည်နယ် ၂၀ တွင် အစိုးရဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ပါတီစုံစနစ်ကိုကျင့်သုံးပြီး ပါတီအရေအတွက် ၂၀ ကျော်ခန့် မှတ်ပုံတင်ထားသည်။ ဝန်ကြီးချုပ် လီကွမ်ယု ခေါင်းဆောင်သည့် People Action Party (PAP) ပါတီသည် ၁၉၅၉ ခုနှစ်မှစ၍ ရွေးကောက်ပွဲများတွင်အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့သည့် တစ်ခုတည်းသောပါတီဖြစ်သည်။ PAP ပါတီသည် ဤမျှအချိန်ကြာကြာ ရွေးကောက်ပွဲအောင်မြင်ရခြင်းမှာ (၁)အစိုးရမှ ပြည်သူလူထုအတွက် Delivering Good လုပ်ပေးနိုင်ခြင်း၊ (၂)စင်ကာပူအစိုးရသည် အောက်ခြေအထိ ပါတီယန္တရားတည်ဆောက်နိုင်ခြင်း (Grass Root Political Mechinery) တို့ကြောင့်ဖြစ်သည်။ အခြေခံအားဖြင့် (၁)အလုပ်အကိုင်ကောင်းရှာဖွေပေးနိုင်သည်၊ (၂)ကျောင်းကောင်းကောင်းတည်ဆောက်နိုင်သည်၊ (၃) နေစရာနှင့်အခြားလိုအပ်သော Social Service များပေးစွမ်းနိုင်သည်။ PAP ပါတီသည် ပြည်သူလူထုအဖွဲ့အစည်း (People Association)၊ လူမှုရေးအသင်းအဖွဲ့များ (Com-munity Development)၊ အလုပ်သမားသမဂ္ဂ (National Trade Union Congress –NTUC) တို့ကို ဖွဲ့စည်းဆောင်ရွက်၍ PAP ပါတီက စိုးမိုးထားနိုင်သည်။ PAP ပါတီသည် ပါတီ၏ ဘယ်တောင်ပံ၊ ညာတောင်ပံစည်းရုံးရေးအဖြစ် ( Young PAP and PAP Women Wing ) လူငယ်စည်းရုံးရေးနှင့် အမျိုးသမီးထုခိုင်မာစွာစည်းရုံးခြင်းဖြင့် လျော်ညီသောအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်သည်။ ပါတီအထွေထွေအတွင်းရေးမှူး ဂိုချုပ်တောင် (Goh Chok Tong ) လက်ထက်တွင် အသက် ၁၇ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို Young PAP အဖြစ် စတင်ထူထောင်၍ ၁၉၈၆ ခုနှစ်တွင် လူငယ်စည်းရုံးရေးကို အဓိကစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် လွှတ်တော်အမတ် ၈၁ ဦးအနက် ၂၀ ရာခိုင်နှုန်းမှာ လူငယ် PAP ပါတီဝင်များဖြစ်လာခဲ့သည်။ PAP ပါတီသည် ပါတီထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် အသက်အရွယ်ကြီးရင့်သူများနေရာတွင် လူငယ် Technocrats များကို အစားထိုးဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးများနေရာတွင် မျိုးဆက်သစ်များကို မွေးထုတ်အစားထိုးဆောင်ရွက်ခြင်းဖြင့် သွေးသစ်လောင်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရာတွင် အဆင့်လိုက်ရွေးချယ်သည်။ တာဝန်ပေးမှု အကြီး၊ အသေးအလိုက် စိစစ်သည်။ ဝန်ကြီးအဖြစ် တာဝန်ပေးလိုပါက စိတ်ကျန်းမာရေးစစ်ဆေးသည်အထိ ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒနယ်များတွင် လက်တွေ့နိုင်ငံရေးလုပ်ကိုင်နိုင်ရန် အောက်ခြေလူထုနှင့်ရင်းနှီးသည်အထိ ကွင်းဆင်းဆောင်ရွက်စေသည်။ စင်ကာပူပြည်သူလူထုသည် နိုင်ငံတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်သောလူမှုဘဝနှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်း (Good Life and Good Society) ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ စင်ကာပူနိုင်ငံတွင် ကောင်းမွန်သောလူနေမှုဘဝနှင့် တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းကို ဖြည့်ဆည်းပေးနိုင်သည့် People Action Party (PAP) ပါတီကို ပြည်သူလူထုက ဆက်လက်ထောက်ခံနေခဲ့သည်။

> **ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီငယ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ လက်ရှိနိုင်ငံရေးပါတီ ကိုးပါတီရှိပြီး လူနည်းစုနိုင်ငံရေးပါတီငယ်များအနေဖြင့် ၁၉ ပါတီရှိသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ(Cambodia People's Party - CPP) သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ် ၁၂၅ နေရာတွင် ၁၂၀ နေရာအနိုင်ရရှိခဲ့ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းတွင် ၈ ဒသမ ၁ သန်း ထောက်ခံအားပေးမှုရရှိခဲ့သဖြင့် ၈၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၇၉ ခုနှစ်ကတည်းက ယနေ့အထိ အာဏာရရှိခဲ့ပြီး နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့သည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အာဏာရနိုင်ငံရေးပါတီတစ်ခုဖြစ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party – CCP ) သည် တစ်ခုတည်းသော အာဏာရပါတီဖြစ်သည်။ ၁၉၂၁ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ပါတီခေါင်းဆောင်မှုနှင့် နိုင်ငံ့ခေါင်းဆောင်များ အကြိမ်ကြိမ်ပြောင်းလဲခဲ့ပြီး ပြည်တွင်းစစ်၊ အင်တာ်ဘေး၊ ယဉ်ကျေးမှုတော်လှန်ရေး၊ လူတန်းစားပဋိပက္ခ၊ တီယန်မင်ရင်ပြင်ကဲ့သို့ ဒီမိုကရေစီလှုပ်ရှားမှုများကြားက တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးဦးဆောင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ် မော်စီတုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ချိန်မှစ၍ နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့်တိုးတက်လာခြင်းနှင့်အတူ အင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ရန် ဦးဆောင်မှုပြုနိုင်ခဲ့သည်။

လူဦးရေ သန်းတစ်ထောင့်လေးရာကျော် အင်အားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပါတီဝင်သန်း ၉၀ ကျော်သာရှိသည့် တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတော်အာဏာကိုရယူနိုင်ခဲ့ခြင်း၏ အဓိကအကြောင်းအရင်းမှာ စီးပွားရေးဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ လူတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၁၉၈၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂၀၀ ပတ်ဝန်းကျင်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော်ထိ တိုးတက်လာခဲ့သည်။ လူဦးရေ သန်း ၇၇၀ ကျော်ကို ဆင်းရဲတွင်းကလွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်း ဆယ်စုနှစ်အနည်းငယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြေအောက်ရထား၊ ကျည်ဆန်ရထား၊ မိုးပျံလမ်း၊ ခေတ်မီဟိုတယ်၊ နေအိမ်အဆောက်အအုံများနှင့် ကမ္ဘာ့အဆင့်မီလေဆိပ်များ စသည့်စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်းကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ပေးနိုင်ခြင်းသည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို ပိုမိုခိုင်မာလာစေခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီငယ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ လက်ရှိနိုင်ငံရေးပါတီ ကိုးပါတီရှိပြီး လူနည်းစုနိုင်ငံရေးပါတီငယ်များအနေဖြင့် ၁၉ ပါတီရှိသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party – CPP) သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ် ၁၂၅ နေရာတွင် ၁၂၀ နေရာအနိုင်ရရှိခဲ့ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းတွင် ၈ ဒသမ ၁ သန်း ထောက်ခံအားပေးမှုရရှိခဲ့သဖြင့် ၈၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၇၉ ခုနှစ်ကတည်းက ယနေ့အထိ အာဏာရရှိခဲ့ပြီး နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့သည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အာဏာရနိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ (Cambodia People's Party – CPP)ကို ၁၉၅၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကမ်ပူချီယမ်ပြည်သူ့တော်လှန်ရေးပါတီဟု အမည်တွင်ခဲ့သောပါတီဖြစ်သည်။ ၁၉၈၉ – ၁၉၉၁ ခုနှစ်တွင် ကမ္ဘောဒီးယားပြည်သူ့သမ္မတနိုင်ငံဟု အမည်ပြောင်းလဲခဲ့ခြင်းနှင့်အတူ ပါတီအမည်အား ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party– CPP) အဖြစ်ပြောင်းလဲခဲ့သည်။ CPP ပါတီသည် ၂၀၁၆ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံကို အလယ်အလတ်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေပိုများသော အလယ်အလတ်စီးပွားရေးအဆင့် ကူးပြောင်းရန် ရည်မှန်းချက်ထားရှိသည်။ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်များအကြား အလယ်အလတ်စနစ်ကျင့်သုံးပြီး ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံမူများနှင့် စံနှုန်းများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ ဗုဒ္ဓဘာသာအယူဝါဒများကို အလေးထားခဲ့သည်။ ပါတီခေါင်းဆောင် Hunsan သည် ပါတီအားကောင်းစွာဦးဆောင်နိုင်ခဲ့သည်။ ပါတီသည် လက်ရှိကာလ၌ အမြဲတမ်းကော်မတီဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ CPP ပါတီသည် ၄၄ နှစ်ကျော်ကာလအတွင်း ပြည်သူများထံမှ ဆက်လက်ယုံကြည်မှုရရှိနေခြင်းမှာ ပါတီခေါင်းဆောင်သူတို့သည် အာဏာရှိသည့်အခါ ပန်းတိုင်သုံးခုအပေါ် အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်သည်။ ပါတီ၏ ပန်းတိုင်သုံးခုမှာ “နိုင်ငံအစွန့်ရှည်တည်တံ့ရေးနှင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး (Life)၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ပြည်သူများ၏ဘဝပြည့်စုံမှုရရှိစေရေး (Stomach)၊ ပြည်သူများအား အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံ ဖြစ်လာစေရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး (Face)” တို့ဖြစ်ပါသည်။ နိုင်ငံအတွင်း သင့်လျော်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် လူနေမှုဘဝမြင့်မားစေရန် ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကယ်ဆယ်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများအပြင် ရောဂါဖြစ်ပွားပြီးနောက် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင်လည်း ကောင်းစွာဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် CPP ပါတီသည် ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုများဖြင့် နှစ်ပေါင်း ၄၄ နှစ်ကျော်တိုင်အောင် အောင်မြင်မှုများရရှိခဲ့သည့်ပါတီတစ်ခုဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ❍

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အမျိုးသားပြတိုက်(နေပြည်တော်)၏ ပြတိုက်ပညာပေးရေးအစီအစဉ် ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့တွင် အမျိုးသားပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာသည့် Nay Pyi Taw State Academy မှ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြတိုက်များသည် Informal Learning System ဖြင့် အသိပညာဗဟုသုတများကို ပေးသည့်နေရာဖြစ်ကြောင်း၊ ကျောင်းသင်ခန်းစာများတွင် သင်ကြားသည့် အကြောင်းအရာများကို လက်တွေ့လေ့လာသိရှိနိုင်ကြောင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)သည် ကမ္ဘာပေါ်တွင် အစောဆုံးဟု သတ်မှတ်ထားသည့် လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာတွေ့ရှိခြင်းဖြင့် မိမိနိုင်ငံအတွက် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ပြတိုက်တွင် သမိုင်းကြောင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာများကို




ပြသထားကြောင်း၊ ဒေါက်တာသန်းထွန်းက သမိုင်းသင်ရသည့်အကြောင်းမှာ “မအအောင်”သင်ကြားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ သမိုင်းမှန်ကိုသိရှိနိုင်ရန် သမိုင်းကို သင်ကြားရခြင်းဖြစ်ကြောင်း၊ လူငယ်များသည် နောင်တစ်ခေတ်တွင် ခေါင်းဆောင်များ၊ ပညာရှင်များဖြစ်လာကြမည့်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် အလေးထားပါကြောင်းနှင့် ပြတိုက်တွင် ပြသထားသည့် ပြခန်းများအလိုက် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာဗဟုသုတများကို လေ့လာကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများအကြောင်းကို Video Clip ဖြင့် ပြသခဲ့ပြီး ပြတိုက်ဆိုင်ရာဝန်ထမ်းများက ပြခန်းများအလိုက် ရှင်းလင်းပြသခဲ့ရာ လိုအပ်သည်များကို ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား ကျောင်းသူများ လေ့လာခဲ့သည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေပြီး ဆုရကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်၊ လှည်းကူးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၀၈ ဦးတို့ကို အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ လည်းကောင်း၊ လှည်းကူးမြို့နယ် ပုတ်သင်ညိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၉၃ ဦးတို့ကို အဆိုပါကျေးရွာရှိမြရတနာကျောင်းတိုက်၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နပဲကျုံးရပ်ကွက် သုပ္ပဋိပန္နစောခင်ဌေးပရိယတ္တိစာသင်တိုက်ရှိ သံဃာတော် ၁၆၉ ပါးတို့ကို အဆိုပါကျောင်းတိုက်၌ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေခြင်း၊ ဆီးချို/သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။




ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ်၌ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ဆောင်ရွက်

**အလုံ ဇန်နဝါရီ ၂၀**

ပြည်ထဲရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များအတွက် သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး အစီအစဉ်ကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်



တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားရာ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ သဘာဝဘေး အန္တရာယ်အသိပညာပေး ဂိမ်းကစားနည်း ကိုးမျိုး ကစားခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသခဲ့ပြီး အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်တင်ချို(ပြန်/ဆက်)**

**လျှပ်စစ်**
**သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမများ**
**မသုံးရ**

○ စာမျက်နှာ ၁၆ မှ

ထိုင်းနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၇၀ ပါတီမှ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီ ၁၈ ပါတီမှ ကိုယ်စားလှယ် ၅၀၀ ရွေးချယ်ခြင်းခံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်မှ အာဏာရယူမှု ၁၉ ကြိမ်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားလုံခြုံရေးအကြီးအကဲ Thawil Pliensri ကို ရာထူးမှဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ အာဏာအလွဲသုံးစားပြုလုပ်မှုစွဲချက်များအတွက် တရားရုံးက ယင်လတ်ရှင်နာဝပ်တွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယင်လတ်ရှင်နာဝပ်အား အိမ်စောင့်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးရာထူးက ဖယ်ရှားခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာသည် အမျိုးသားအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားမှုကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုခဲ့ပြီး အခြေခံဥပဒေအရ လွှတ်တော် ၂ ရပ် ရှိသည်။ အထက်လွှတ်တော်တွင် တပ်မတော်မှရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ် ၂၅၀ ဦးနှင့် အောက်လွှတ်တော်တွင် ရွေးကောက်ခံ ကိုယ်စားလှယ် ၅၀၀ တို့ပါဝင်သည်။ ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်ရွေးချယ်ရာတွင် အထက်လွှတ်တော် ကိုယ်စားလှယ် ၂၅၀ နှင့် အောက်လွှတ်တော် ကိုယ်စားလှယ် ၅၀၀ တို့မှ မဲပေးရွေးချယ်ရပြီး အနည်းဆုံး ထောက်ခံမဲ ၃၇၆ မဲ ရရှိရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ထိုအခြေခံဥပဒေဖြင့် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဝန်ကြီးချုပ် ပရာယွတ်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခဲ့ပြီး ဒုတိယအကြိမ် ဝန်ကြီးချုပ်တာဝန်ကို ရယူခဲ့သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲရလဒ်ကြေညာပြီးနောက် လွှတ်တော်အစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ရာ Move Forward ပါတီမှ Pita Limjaroenrat က ထောက်ခံမဲ ၃၂၄ မဲရရှိခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက Move Forward ပါတီ ခေါင်းဆောင် Pita Limjaroenrat ကို iTV Media ကုမ္ပဏီတွင် ရှယ်ယာပိုင်ဆိုင်ထားမှုနှင့်ပတ်သက်၍ တိုင်ကြားချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ဖြူထိုင်း(Pheu Thai)ပါတီမှ Mr.Srettha Thavisin ကို ထောက်ခံမဲအများဆုံးဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ပြီး ထိုင်းနိုင်ငံ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဖြူထိုင်း (Pheu Thai) ပါတီအနေဖြင့် ပါတီ ၁၁ ပါတီနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းကာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းက အဓိကအချက်ဖြစ်ပြီး ဒီမိုကရေစီ ထောက်ခံသူများနှင့် ကွန်ဆာဗေးတစ်တို့အကြား ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်ခြင်းသည် အစိုးရသစ်အတွက် အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပါတီများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သော Rule of Law ကို အလေးထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး မိမိပါတီအကျိုးထက် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

(ဆက်လက်ဖော်ပြပါမည်)

ကျန်းမာရေးဝန်ကြီးဌာန

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

ပညာရေးဝန်ကြီးဌာန

(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅-၂၇ ရက် NAYPYITAW STATE ACADEMY



# သဘင်လောကတွင် ပထမဆုံးအဖြစ် ဖိုးချစ်သဘင်က ဇာတ်ခုံတွင် 3D Hologram နည်းပညာ အသုံးပြုဖျော်ဖြေရန် စီစဉ်နေ

ရန်ကုန် ဇန်နဝါရီ ၂၀

သဘင်လောကတွင် ပထမဆုံးအဖြစ် “မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်”က ဇာတ်ခုံတွင် 3D Hologram နည်းပညာအသုံးပြုဖျော်ဖြေရန် စီစဉ်နေကြောင်း အဆိုပါ သဘင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်နှင့် ပရိသတ်များကို အသိပေးထားချက်အရ သိရသည်။

မြန်မာ့ဇာတ်သဘင် လောကသည် မြေပိုင်းသဘင်မှတစ်ဆင့် ဖျော်ဖြေတင်ဆက်မှုပုံစံများ အဆင့်ဆင့်တိုးတက်လာခဲ့ရာ ယခုအခါ 3D Hologram ကို အသုံးပြုရန်အတွက် ပထမဆုံးခြေလှမ်း စတင်လာခဲ့ခြင်းလည်း ဖြစ်သည်။

“ဇာတ်ခုံမြင့်ကို 3D နဲ့ပတ်သက်တဲ့ မီးလုံးတွေတပ်ဆင်တဲ့နေရာမှာ ဟော်လိုဂရမ်ဆိုတဲ့ နည်းပညာကိုအသုံးပြုပြီး လက်ရှိစမ်းသပ်နေတယ်။ အရှေ့ကနေ ဟော်လိုဂရမ်ထိုးဖို့အတွက်ကိုပေါ့”ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

အဆိုပါ နည်းပညာအရ ရုပ်ကြွပုံစံများကို မီးထိုးကာ ပရိသတ်များအမြင်တွင် ပသာဒဖြစ်စေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခင်သုံးခဲ့သည့် LED မီးများနှင့် တွဲဖက်အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

“ထူးခြားမှုအနေနဲ့ကတော့ LED က နဂိုကတည်းက ပါပြီးသားမှာ ဟော်လိုဂရမ်ထပ်ထည့်တာပါ”ဟု ၎င်းက ရှင်းပြသည်။ ဖိုးချစ်သဘင်သည် မြန်မာနိုင်ငံတွင် ပရိသတ်အားပေးမှုကို အများအပြားရသည့် ဇာတ်သဘင်တစ်ခုဖြစ်ပြီး လက်ရှိတွင်လည်း ကပြဖျော်ဖြေမှုများကို ဇာတ်စင်သို့ လာရောက်ကြည့်ရှုရန် သာမက အွန်လိုင်းမှလည်း ကြည့်ရှုနိုင်စေရန် စီစဉ်ပေးနေကြောင်း သိရသည်။ **သစ်တော်**

# မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်နေမှု စစ်ဆေး

မိုင်းယန်း ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၈ ရက်က တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက မိုင်းလွေခေတ်မီစံပြကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



# သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)၌ အလုပ်အကိုင်အခွင့်အလမ်းဟောပြောပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၂၀

သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မန္တလေး)၌ အလုပ်အကိုင်အခွင့်အလမ်းမိတ်ဆက်ဟောပြောပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်း၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ၊ Great Wall Company၊ UAB Bank နှင့် Fudo Bakery တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများအတွက် သင်တန်းပြီးဆုံးချိန် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဟောပြောဆွေးနွေးခဲ့ကြပြီး အလုပ်အကိုင်ရရှိရန် ချိတ်ဆက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပင်းတယ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယဝါတရာရှိ ဒေသန္တားမွေးမြူရေးခြံသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအားတွေ့ဆုံရာတွင် ကျေးကုန်းကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထားသည့်အတွက် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးကြရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် မိမိဒေသအသိပညာရှင်၊ အတတ်ပညာရှင် ပေါ်ထွန်းလာအောင်ဆောင်ရွက်ပေးကြရန် ပြောကြားပြီး ကျားကုန်းစံပြကျေးရွာရှိဆည်နှင့် ရေစုကန်မှရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျေးလက်စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပင်းတယမြို့နယ် ကျားကုန်း(Smart Village) ကျေးရွာအဖွဲ့ဝင် ငါးဦးဖြင့် မွေးမြူထားသော ရွှေနီဝက်ခြံ၊ ရေချမ်းစင်ကျေးရွာတွင် တောင်သူ ဦးချစ်ဟန်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ရေဆင်း(၉) ဂျုံစိုက်ခင်းတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ပင်းတယမြို့နယ် ရေချမ်းစင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများအိမ်တည်ဆောက်နေမှုနှင့် အခြေခံပညာအလယ်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအားတွေ့ဆုံသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည်ပင်းတယမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆေးလိပ်ငွေ့ကင်းစင်ပင်းတယတစ်ခွင်၊ ထိန်းသိမ်းမြှင့်တင်မှု အသိပညာပေးအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ပင်းတယမြို့ဆင်ခေါင်းရပ်ကွက် ဦးခွန်သာဝင်းအိမ်တွင် အမှုန့်ကြိတ်စက်နှင့် နေကြာဆီကြိတ်နေမှုကို ကြည့်ရှုပြီး ပင်းတယ ဟော်ကုန်းရပ်ကွက်ရှိ ဦးမိုးဇော်သီးနှံစုံရောင်းဝယ်ရေးပွဲရုံနှင့် အမေ့အိမ်ဆေးဖက်ဝင်ဓာတ်စာ အိမ်တွင်းမှုလုပ်ငန်းဆောင်ရွက်နေမှု၊ ဝင့်ဝါဟိန်း ပြောင်းအစို၊ အခြောက်ရောင်းဝယ်ရေးတို့ကို သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နွယ်ခွေပင်မသိုလှောင်ရေးစခန်းအား ငှားရမ်းလုပ်ကိုင်လျက်ရှိကြသည့် ကောင်းကင်ကုမ္ပဏီ၊ ဂုဏ်ဟိန်းသစ်ကုမ္ပဏီ၊ ဆဋ္ဌဂံကုမ္ပဏီ၊ Farm Power Co.,Ltd၊ Golden Key Co.,Ltd များ၏ မူလသတ်မှတ်ထားသည့် ပစ္စည်းများသိုလှောင်ထားခြင်း ရှိ မရှိနှင့် မူလရည်ရွယ်ချက်ပါလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ထိန်းသိမ်းပြုပြင်သင့်သည်များကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်းတွင် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပ ငါးမျိုးသစ်များ စမ်းသပ်သားဖောက်ခြင်း၊ ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ ဖော်ထုတ်သုတေသနပြုခြင်း၊ ငါးသားဖောက်ခြင်းနှင့် မွေးမြူရေးနည်းစနစ်များ ပညာပေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက နှစ်စဉ်ငါးသားပေါက်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရန်၊ ငါးဆေးထိုးသားဖောက် စာတွေ့၊ လက်တွေ့သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး၊ သားငါးရိက္ခာဖူလုံပိုလျှံရေးနှင့် ရှားပါးလာသော ဒေသငါးမျိုးစိတ်များ ထိန်းသိမ်းရေး၊ သဘာဝရေပြင်တွင် ငါးသားပေါက်များ စိုက်ထည့်ပေးရေးနှင့် စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်ရေးစသည့် ငါးသယံဇာတများ ရေရှည်ထုတ်ယူ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးနေမှုအပေါ် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေနေရာအား ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် First Gloden Dragon Construction Co.,Ltd ၏ စီမံကိန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ငါး စက်လှေဆိပ်ကမ်းတည်ဆောက်မည့် ဆိပ်ကမ်းနှင့် ကားလမ်းဖောက်လုပ်မည့်နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းအဆင့် စိုက်ပျိုး၊ မွေးမြူရေး တာဝန်ခံများနှင့်တွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံပိုလျှံရေး၊ မိုးစပါး၊ နွေစပါးနှင့် ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအပြင် နိုင်ငံတကာတွင် လက်ရှိကြုံတွေ့နေရသည့် စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး မျှော်မှန်းဆောင်ရွက်ရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆီထွက်သီးနှံ နေကြာ၊ နှမ်းနှင့် ဆောင်းမြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# သန်လျင်မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်လင်းသန်း၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဇော်တို့နှင့်အတူ ယနေ့နံနက်တွင် သန်လျင်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်ကျေးရွာ-ကျောင်းကုန်းဆိပ်ကြီးရှိ ပေ ၆၆၀၀ ကတ္တရာလမ်းအား ဘေးနှစ်ဖက်သုံးပေစီလမ်းချဲ့ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကရင်ဆိပ်ကျေးရွာ စာကြည့်တိုက်တည်ဆောက်ရေး လုပ်ငန်းများအားကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်တွင် ကလေးစာပေ၊ သုတရသ စာအုပ်စာစောင်များ ပြည့်စုံစွာ ထားရှိဆောင်ရွက်ရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် အင်တာနက်ဆောင်ရွက်ပေးပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ဖွံ့ဖြိုးရေးဆိုင်ရာ AppLication များအသုံးပြုရန်၊ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်ပြီး ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့်တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

# ကျိုင်းတုံမြို့နယ် ဝမ်အွယ်အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆိုင်းဘုတ်တင်ပွဲ ကျင်းပ

**ကျိုင်းတုံ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်အွယ် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဆိုင်းဘုတ်တင်ပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ထင်ကျော်စိုး၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင်-၃ ဦးလုကာ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ပညာရေးမှူး ဒေါ်ခင်ညိုညိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျောင်းသည် ယခင် အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာများ တွဲဖက်သင်ကြားပေးသည့် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါကျောင်း၌ အခြေခံပညာ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသင်ခန်းစာများ သင်ကြားပေးသည့် အပြင် အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာများ ဆက်လက်သင်ယူလေ့ကျင့်နိုင်ကြောင်း သိရသည်။**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၀

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ စက်ရုံမှထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောထုတ်လုပ်မှုအထောက်အကူပြုပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို လုပ်ငန်းရုံးချုပ်၏ အစီအမံဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား ဝန်အားပြည့်ရရှိချိန်တွင် ထုတ်လုပ်မှုလျာထားချက် ပြည့်မီအောင် စီမံဆောင်ရွက်ရန်နှင့် ဆောင်ရွက်မည့် အစီအမံများကိုလည်း လုပ်ငန်းရုံးချုပ်နှင့် ညှိနှိုင်းပေါင်းစပ်ရေးဆွဲတင်ပြရမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ် (ဆောက်လုပ်ရေး) ခေါင်းစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်မကုန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံနှင့် ဒေသအတွက် လူမှုတာဝန်သိမှုလုပ်ငန်း(CSR)များ ပံ့ပိုးပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စီမံကိန်းအတွက် ထပ်မံဝယ်ယူထားသည့် မီးခံအုတ်များရောက်ရှိနေမှု၊ စက်သုံးဆီများ သိုလှောင်ထားမှု၊ ထရန်စဖော်မာများ အစားထိုးလဲလှယ် တပ်ဆင်နေမှု၊ လုံခြုံရေးကင်မရာ(CCTV)များ တပ်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းသိုလှောင်ရုံအတွင်းသို့ ရောက်ရှိသည့်ပစ္စည်းများကို ပထမဆုံးထုတ်သည့်စနစ် (First-in, First-out)ဖြင့် ထုတ်ယူသုံးစွဲရန်၊ မြေအောက်ဆီသိုလှောင်ကန် ပတ်ဝန်းကျင်ရှိ မြေပြင် ပေ ၂၀ ခန့် ရှင်းလင်းထားရန်၊ စက်ရုံလုံခြုံရေးနှင့်ပတ်သက်၍ အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရုပ်မြင်သံကြား ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုလေ့လာ



နေပြည်တော် ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်ထိ Thai Com Co.,Ltd. မှ စီစဉ်ဆောင်ရွက်သည့် ရုပ်မြင်သံကြား ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် လေ့လာရေးခရီးစဉ်သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြပြီး ယမန်နေ့ညပိုင်းက ပြန်လည်ရောက်ရှိကြသည်။

ဦးစွာ Thai Com ရုံးချုပ်၌ CEO Mr. Patompob Suwansiri ဦးဆောင်သည့် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ၎င်းတို့ကုမ္ပဏီအနေဖြင့် ဂြိုဟ်တုများ လွှတ်တင်ခဲ့မှု၊ စောင့်ကြည့် ထိန်းသိမ်းပြုပြင်မှုနှင့် ဆက်သွယ်ကြီးကြပ်မှု၊ သက်တမ်းရင့်ဂြိုဟ်တုများ စွန့်လွှတ်မှုနှင့် အသစ်များ ထပ်မံလွှတ်တင်မှု၊ ဒေသတွင်း နိုင်ငံများအတွက် အကျိုးပြု လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှု၊ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်မှုနှင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထိုသို့ ရှင်းလင်းဆွေးနွေးမှုများအပေါ် MRTV မှ တာဝန်ရှိသူများက ဂြိုဟ်တု ဝန်ဆောင်မှုသက်တမ်း တိုးငှားရမ်းလိုမှု၊ နှုန်းထားနှင့် ငွေပေးချေမှုစနစ်များ၊ OTT လုပ်ငန်း တိုးချဲ့ဆောင်ရွက်လိုမှုနှင့် စက်မှုပိုင်းဆိုင်ရာ ပစ္စည်းများ ပြုပြင်တပ်ဆင်ပေးစေလိုမှုတို့ကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် Thai Com၊ Teleport and Dth Center၊ Globalstar၊ Satellite Gateway တို့တွင် လုံခြုံရေးစနစ်များ အပါအဝင် လုပ်ငန်းစဉ်များ သတ်မှတ်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

Thai Com Co., Ltd. သည် ကိုယ်ပိုင်ဂြိုဟ်တုရှစ်လုံး လွှင့်တင်ပြီး ဂြိုဟ်တုနည်းပညာဖြင့် ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးခြင်း၊ ဂြိုဟ်တုအင်တာနက် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အပါအဝင် လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသည့် နိုင်ငံများမှ အစိုးရနှင့်ပုဂ္ဂလိက ရုပ်သံနှင့် နည်းပညာလုပ်ငန်းများက ငှားရမ်းသုံးစွဲလျက်ရှိကြသည်။

ထို့နောက် ထိုင်းနိုင်ငံတွင် ပြည်သူ့ဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းပုံစံနှင့်အညီ လုပ်ငန်းဆောင်ရွက်နေသည့် Public Broadcasting Television (PBS TV)သို့ သွားရောက်လေ့လာကြပြီး လွတ်လပ်သည့် ရန်ပုံငွေထည့်ဝင်ရရှိမှု၊ ကြော်ငြာလုပ်ငန်းကဲ့သို့ ဝင်ငွေရှာဖွေရေး လုပ်ငန်းများနှင့် ဖျော်ဖြေရေး အစီအစဉ်များမရှိဘဲ သတင်းနှင့် အစီအစဉ်များဖြင့်သာ လုပ်ငန်းများ ကန့်သတ်ဆောင်ရွက်နေမှု၊ OTT လုပ်ငန်းများ တိုးမြှင့်၍ ခေတ်ပေါ်စတူဒီယို အပါအဝင် နည်းပညာပြောင်းလဲ တိုးတက် ဆောင်ရွက်နိုင်မှုတို့ကို ကြည့်ရှုလေ့လာကြပြီး အမှတ်တရပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

အဆိုပါ PBS TV သည် ရုပ်သံလိုင်း ၁၁ လိုင်းဖြင့် နိုင်ငံတစ်ဝန်းသို့ DVB-T2 နှင့် DTH စနစ်တို့အပြင် Social Media များဖြင့်လည်း လွှင့်တင်လျက်ရှိသည်။

ယင်းနောက် ထိုင်းနိုင်ငံအစိုးရပိုင် ရုပ်သံလွှင့်လုပ်ငန်း National Broadcasting of Thailand (NBT-TV)သို့ သွားရောက်ပြီး Radio Thailand ၏ (၉၄)နှစ်တာကာလနှင့် NBT TV၏ (၃၅)နှစ်တာကာလအတွင်း သတင်းနှင့် Infotainment၊ Edutainment အစီအစဉ်များကို နည်းပညာရပ်များ ပြောင်းလဲတိုးတက်မှုနှင့်အညီ OTT အပါအဝင် Radio&TV တို့ ယှဉ်ပြိုင်၍ လိုက်ပါလုပ်ဆောင်နေမှုတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ ရိုက်ကူးရေးနှင့် အသံသွင်းစတူဒီယိုများ အလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ထိုင်းနိုင်ငံ NBT TV နှင့် Radio Thailand တို့သည် နိုင်ငံပိုင် Channel များဖြစ်ပြီး နိုင်ငံတစ်ဝန်းသို့ DVB-T2 နှင့် DTH စနစ်တို့ဖြင့် ထုတ်လွှင့်လျက်ရှိရာ NBT-TVမှ Digital စနစ်ဖြင့် ရုပ်သံလိုင်း ၁၅ လိုင်း ထုတ်လွှင့်ပေးလျက်ရှိသည်။

ထို့ပြင် The National Broadcasting and Telecommunications Commission ၏ အစီအစဉ်ဖြင့် လှိုင်းနှုန်း Frequency များ ခွဲဝေကြီးကြပ်မှုအပေါ် The Public Relations Department က တာဝန်ခံ၍ ပုဂ္ဂလိက ရုပ်သံလိုင်းများ အပါအဝင် DVB-T2 & DTH၊ Radio၊ FM လှိုင်းနှုန်းများကို မျှဝေဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုလေ့လာကြပြီး MRTVနှင့် MoU ချုပ်ဆိုထားရှိမှုအပေါ် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် လေ့လာရေးအဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

# ဝယ်လိုအားများနေသည့်အတွက် ဈေးကွက်အတွင်း ချင်းဈေးကောင်းနေပြီး ပိုမိုစိုက်ပျိုးလာ

ရန်ကုန် ဇန်နဝါရီ ၂၀

ဝယ်လိုအားများနေသည့်အတွက် ဈေးကွက်အတွင်း ချင်းဈေးကောင်းနေပြီး တောင်သူများက ပိုမိုစိုက်ပျိုးလာကြကြောင်း ချင်းရောင်းဝယ်ရေး ဈေးကွက်အတွင်းမှ သိရသည်။

ဝယ်လိုအားကောင်းနေခြင်းနှင့်အတူ ပြည်တွင်းတွင် ချင်း ဈေးမြင့်တက်လာနိုင်ကြောင်းလည်း သိရသည်။

“ချင်းက မြေနီဆို အခုက တစ်ပိဿာကို ငွေကျပ် ၃၀၀၀၊ ၂၉၀၀ နဲ့ ၂၈၀၀ တို့ရှိတယ်။ ဝယ်လိုအားကကောင်းတယ်။ ချင်းဈေးက ပြောလို့ တော့မရဘူး။ ပုံမှန်တစ်နှစ်နဲ့တစ်နှစ်က မတူဘူး။ ကျွန်တော်တို့က ချင်းကို ဦးစားပေးစိုက်တာ။ ချင်းဈေးက နောက်ထပ်သုံးလေးလဆို ထပ်တက်မယ်လို့ မှန်းထားတယ်”ဟု အောင်ပန်းမြို့နယ် ချင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

၂၀၂၂ ခုနှစ် နွေရာသီက ချင်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဝန်းကျင်သာရှိခဲ့သည့်အတွက် ချင်းစိုက်တောင်သူများ အရှုံးများခဲ့သော်လည်း ၂၀၂၃ ခုနှစ် နှစ်စတွင် ချင်း ဈေးပြန်လည်တက်လာ၍ ယခုအချိန်တွင် ချင်းစိုက်သူတောင်သူ ပြန်လည်များပြားလာခဲ့သည်။

မြန်မာနိုင်ငံမှထွက်ရှိသော ချင်းများကို တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ မလေးရှား၊ စင်ကာပူနှင့် အာရပ်စော်ဘွားများ နိုင်ငံများသို့ တင်ပို့မှုများရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

သစ်တော်



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၀

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# ကရင်ပြည်နယ် အခြေခံပညာကျောင်းများ၌ ပြီးပြတ်မှုမရှိသေးသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး



ဘားအံ ဇန်နဝါရီ ၂၀

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ၌ ပြည်ထောင်စုငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှ ပြီးပြတ်မှုမရှိသေးသည့် လုပ်ငန်းများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းရှင်များအား ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြပြီး အရည်အသွေးစစ်ဆေးရေးအဖွဲ့များက တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အရည်အသွေးစစ်ဆေးတွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းရှင်များက ရှင်းလင်းတင်ပြကြသည်။

ကရင်ပြည်နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာရေး(နှစ်ဆက်)လုပ်ငန်း ၆၉ ခုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းသစ် ၂၃ ခု စုစုပေါင်း တည်ဆောက်ရေးလုပ်ငန်း ၉၂ ခုရှိကာ ၁၀၀ ရာခိုင်နှုန်းပြီးစီးသော လုပ်ငန်းအရေအတွက်မှာ ၅၃ ခု ရာခိုင်နှုန်းအားဖြင့် ၅၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပြင်ဦးလွင်မြို့နယ် ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမခုနစ်ဦး စုစုပေါင်း ၄၇ ဦးတို့သည် ယနေ့ နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် စိန်ရတုပြတိုက်တို့၌ ကြည့်ရှုလေ့လာကြသည်။



ဦးစွာ လေ့လာရေးအဖွဲ့အား ပင်မအဆောက်အအုံရှိAuditorium ခန်းမ၌ "နိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏အခန်းကဏ္ဍ" Video Clip အားပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် 5.1 Surround Sound Room (အသံသွင်းစတူဒီယိုခန်းမ)၌ ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား မြန်မာ့အသံခေတ်ပေါ် တီးဝိုင်းနှင့်အတူ MRTV မှ ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ကျောင်းသား ကျောင်းသူများကလည်း ပျော်ရွှင်စွာ ပါဝင်သီဆိုကြသည်။

ထို့နောက် ရွှေစာဝိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ News Channel Studio တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုတို့အား လေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများ၌ အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ကျောင်းသား ကျောင်းသူများ၏ မှတ်သားဖွယ်ရာအဖြေလွှာများ၌ ဖြည့်စွက်မှုများအပေါ် စိစစ်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ ကျောင်းသား ကျောင်းသူများသည် စိန်ရတုပြတိုက်ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။

သတင်းစဉ်

# ကျေးသီးမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနား ကျင်းပ

ကျေးသီး ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်းရှိ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်၊ ခရိုင်ပညာရေးမှူး ဦးအေးဝင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလု၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျေးသီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်၊ မိုင်းရှူးခရိုင်ပညာရေးမှူး ဦးအေးဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဆွေက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကျေးသီးမြို့နယ် ပညာရေးစုံညီပွဲတော်ကျင်းပနိုင်ရေးအတွက် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဆွေက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားအား ကျင်းပရာ ကျေးသီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်းစုံမှ ကာယစွမ်းရည်ဆုများ၊ ဉာဏစွမ်းရည်ဆုရရှိသူများကို ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်၊ ခရိုင်ပညာရေးမှူး ဦးအေးဝင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေဇင်ဖြိုး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးခိုင်သန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလု၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းအုပ်ဆရာမကြီးများက ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကာ ကျောင်းသား ကျောင်းသူများက သီချင်းများ၊ တေးသရုပ်ဖော်များ၊ အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်း ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။



အဆိုပါအခမ်းအနားတွင် ဒဂုံမြို့သစ်ခရိုင်ပညာရေးမှူး ဦးငွေသူရက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကီလောဟာက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် (၂၄) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ဗဟို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ ကာယ၊ ဉာဏ ဘက်စုံထူးချွန်ဆုရရှိကြသူ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ တီးခတ်သီဆိုကာ တေးသရုပ်ဖော်အကများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ကော့မှူးမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်ပွဲ ကျင်းပ

**ကော့မှူး ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေဖြင့် နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ပိုင်းရပ်ကွက် မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ကော့မှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး ထွန်းဇော်မင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုထွေးတို့က ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော နိုင်ငံ၏စီးပွားရေး အခြေအနေကောင်းများ ဖန်တီးနိုင်မှသာ နိုင်ငံဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုသည့် မူဝါဒနှင့်အညီ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်၍ လယ်ယာစိုက်ပျိုးသည့်တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် သွင်းအားစုများ ထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးထွန်းဇော်မင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုထွေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူနှင့် တာဝန်ရှိသူများက ရေဖြူတွင်းကျေးရွာ၊ ကြာကန်ကျေးရွာ၊ အောက်ကျောင်း ကျေးရွာတို့မှ သမဝါယမအသင်းသား တောင်သူ ၉၁ ဦး၊ နွေစပါးစိုက်ဧက ၆၄၃ ဧကအတွက် ငွေကျပ် ၁၂၈၆ သိန်းနှင့် ညီမျှသော သွင်းအားစုများကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



## မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၁၉ ရက်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကို၊ မှော်ဘီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက အမောက်ဝဲစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး စံပြကျေးရွာတွင် Smart Village စီမံကိန်းဖြင့် ဆောင်ရွက်နေသော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း လမ်းအရှည် ၁/၁ ဒသမ ၈၄ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ရေသန့်စင်စနစ်လုပ်ငန်း၊ အမြင့်တင်ရေစင်နှင့် ရေပေးရေးလုပ်ငန်းများ၊ ကျေးရွာမြစိမ်းရောင်စီမံကိန်းဖြင့်ဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြစ်ကျိုးအောက်ကျေးရွာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် Ju Ju San Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်ဂဝံလမ်းခင်းလုပ်ငန်း လမ်းအရှည် သုည/၆ ဒသမ ၅၁ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် မိုးကြိုးပစ်ကျေးရွာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် Natural Yaung Chi Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ကုန်ထုတ်ဂဝံလမ်းခင်းလုပ်ငန်း လမ်းအရှည် သုည/၆ ဒသမ ၉၀၉ မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## တံတားလုပ်ငန်းများအား ဖြစ်နိုင်ခြေလေ့လာမှုဆောင်ရွက်

**လေးမျက်နှာ ဇန်နဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ တံတားလုပ်ငန်းများအား ဖြစ်နိုင်ခြေလေ့လာမှုကို မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဆောင်၍ Soil Test အဖွဲ့နှင့်အတူ ယနေ့တွင် ဒေါင့်ကြီး ကျေးရွာအုပ်စု မြင်းကျိုးကျောင်းတံတားအား စမ်းသပ်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြို့နယ်အတွင်းရှိ တံတား ခြောက်စင်းအား Soil Test စမ်းသပ်၍ ဖြစ်နိုင်ခြေလေ့လာမှုကို ဆောင်ရွက်ပြီး ဒေသရှိ တံတားများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**တင်ရွှေ(ပြန်/ဆက်)**






## တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈) နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၀**

အရှေ့တောင်အာရှတွင် သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ အသိပေးကြေညာထားသည်။

အဆိုပါပွဲတော်ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင် တိရစ္ဆာန်ဥယျာဉ်အတွင်း၌ ပျော်ရွှင်စရာ အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်တွင် Music Band & Dance Performance၊ Magic Show အစီအစဉ်၊ ချစ်စရာတိရစ္ဆာန်လိမ္မာလေးများနှင့်အတူ ဓာတ်ပုံရိုက်ကူးနိုင်မည့် အစီအစဉ်များ၊ သားသားမီးမီးတို့အကြိုက် ဂိမ်းအစီအစဉ်များ၊ လက်ဆောင်များရယူနိုင်မည့် အမေးအဖြေကဏ္ဍများအပြင် ဈေးရောင်းပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

○ **MFF မှ**

၁၆ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ၁၂ မှတ်၊ M2K အသင်းက ရှစ်မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် လင်းလက်အသင်းတို့က ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ် ရရှိထားသည်။

MFF ဖူဆယ်လိဂ်- ၁ ပြိုင်ပွဲကို ပွဲစဉ် (၁၁) အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်မှ ပြန်လည်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

## ၂၀၂၄ ခုနှစ် ဇန်နဝါရီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။ **မိုး/ဇလ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၆)လမ်း၊ အမှတ် (၅၀၆)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)[ခြေရင်းခြမ်း]၊ အကျယ်အဝန်း(၁၇ပေx၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို "(၂၇-၉-၂၀၂၂)ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစနစ်ဖြင့် (၂)ခန်းတွဲ၊ (၆)ထပ်တိုက်သစ်(၁)လုံးဆောက်လုပ်ရန် သဘောတူ ကတိစာချုပ်"အရ ကန်ထရိုက်တာမှ ရရှိ အကျိုးခံစားခွင့်ရှိသောတိုက်ခန်းဖြစ်ပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြမျက်သွယ် [၁၂/ဥကမ(နိုင်)၂၀၀၇၃၆]က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ (ဘီစီစီ)ရသည်အထိ ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ပါးပါးနီ ( LL.B., D.B.L )** | **ဒေါ်ပြည့်ပြည့်ဖြိုး (LL.B.,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၆၄၀)** |

**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်းမကြီးပေါ်ရှိ (၂၇)လမ်းနှင့် ကုန်ဈေးတန်းလမ်းကြား၊ တိုက်အမှတ်(၂၈၇/၂၉၃)ဟုခေါ်တွင်သော(၇)ထပ်တိုက်ရှိ မြေညီထပ်(၄)ခန်းအနက်မှ အကျယ်အဝန်း (၁၈ ပေx ၅၀ ပေ) ခန့်ရှိ အခန်းအမှတ်(B-1)ဖြစ်သည့်မြေညီထပ်တိုက်ခန်း(၁)ခန်းနှင့်တကွ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို (၁၈-၇-၁၉၉၄)ရက်စွဲပါ "အိမ်ခန်းတွင် နေထိုင်ခွင့်နှင့်အခန်းရောင်းချခြင်း ကတိစာချုပ်" အရသော်လည်းကောင်း၊ (၂၉-၁၀-၁၉၉၆)ရက်စွဲပါ "အိမ်ရှင်ကန်ထရိုက်နှင့် တရားဝင် သန်းခေါင်စာရင်းဖြင့် နေထိုင်သူတို့အဆောက်အဦဆောက်လုပ်ရန် သဘောတူကတိစာချုပ်" အရသော်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော (၁)ဦးတင်ရွှေ (အက်စ်/အိုကေအေ-၀၁၁၁၀၁)/ [၁၂/ကတတ( နိုင် )၀၀၃၁၉၇]၊ (၂)ဒေါ်မြင့်မြင့်ကြူ [၁၂/ ပဘတ(နိုင်)၀၁၈၁၂၃]နှင့် (၃) ဦးမျိုးဝင်း[၁၂/ပဘတ(နိုင်)၀၀၁၇၄၃]တို့ သားအဖ (၃)ဦးမှ လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစား အမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ပါးပါးနီ ( LL.B., D.B.L )** | **ဒေါ်ပြည့်ပြည့်ဖြိုး (LL.B.,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၆၄၀)** |

**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်တောင်ရပ်ကွက်၊ ဘုရားလေးလမ်း၊ အမှတ်(၁၁၀)ဟုခေါ်တွင်သော အလျား(၃၂)ပေ x အနံ(၈၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် သီးပင်၊ စားပင်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီလာရည်[၁၂/သကတ(နိုင်)၀၉၅၁၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါခြံမြေနှင့်ပတ်သက်၍၊ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုဇင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၃၇)**
**တိုက်-၁၀၁(A)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၆၀၂၁၃၊ ၀၉-၇၉၅၉၂၃၇၇၀**

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကုန်မြို့နေ အဖ ဦးဟိန်းကိုကိုထက်၏ သားသမီးများဖြစ်ကြသည့် EDU Spectrum ကျောင်းတွင် တက်ရောက် ပညာသင်ကြားနေကြသော Year 6 မှ မမြတ်မှူးကိုကို ကို **မမြတ်မှူးသံသာ**ဟု လည်းကောင်း၊ Year 5 မှ မောင်အောင်မြတ်ဟိန်းကို **မောင်အောင်မင်းခန့်**ဟု လည်းကောင်း အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ဦးရွှေကြိုင်[၁၂/ဒဂန(နိုင်)၀၂၆၇၆၀]+ဒေါ်မြင့်မြင့်သိန်း[၁၂/ဒဂန(နိုင်)၀၂၆၇၆၂] {ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်}တို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(ရွှေတိဂုံဘုရားလမ်းဘဏ်ခွဲ)ကိုယ်စား ဘဏ်ခွဲမန်နေဂျာ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးရွှေကြိုင်[၁၂/ဒဂန(နိုင်)၀၂၆၇၆၀]+ဒေါ်မြင့်မြင့်သိန်း[၁၂/ဒဂန(နိုင်)၀၂၆၇၆၂] {ရွှေတောင် ငွေတောင် အစာစပ်စက်ရုံ}တို့နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ အနော်ရထာလမ်းနှင့် စဉ့်အိုးတန်းလမ်းထောင့်၊ ဝါဝါဝင်း Tower၊ အမှတ်-၁၀၇/၁၀၉ နေ ဦးရွှေကြိုင်+ဒေါ်မြင့်မြင့်သိန်းတို့သည် ၎င်းတို့လုပ်ကိုင်လျက်ရှိသော **{ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်}**၏ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ချေးငွေအာမခံအဖြစ် အောက်ပစ္စည်းစရင်းပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ် တင်သွင်းထားရှိ၍ ပိုင်ဆိုင်မှုပြစာချုပ်စာတမ်းများကို အပ်နှံကာ ၎င်းတို့လိုအပ်သောငွေကြေးများကို ကျွန်ုပ်အမှုသည်ထံက ချေးငှားရယူခဲ့ကြပါသည်။

၂။ ယခုအခါ ဘဏ်ချေးငွေများပေးဆပ်ရန် သတ်မှတ်ထားသော ချေးငွေသက်တမ်းစေ့ရောက်ကျော်လွန်သည့်တိုင် ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေပါသည်။ ထို့ကြောင့် ဥပဒေအရ တရားစွဲဆိုတောင်းခံရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် အောက်ဖော်ပြပါ အာမခံပစ္စည်းများကို ချေးငွေပေးဆပ်၍ ပြန်လည်ရွေးနုတ်ခြင်းမပြုမီ လွှဲပြောင်းခြင်း၊ ထုခွဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းကို လက်ခံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်–

**အာမခံပစ္စည်းစာရင်း**

(၁) ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄ အိုင်၊ မြေကွက်အမှတ်(၂၀)၊ ဧရိယာ(၀.၁၅၂)ဧကရှိ ဦးရွှေကြိုင် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းနှင့် ဗိုလ်တထောင်ဈေးလမ်းထောင့်ရှိ Botahtaung Time Square အိမ်ရာစီမံကိန်း၊ ၂၄ ခန်းတွဲ၊ ၁၄ ထပ်၊ Building(C1)မှ

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုထားသည့် (၆-၃-၂၀၁၆) ရက်စွဲပါ "ကြိုတင်ငွေပေးသွင်းစနစ်ဖြင့် တိုက်ခန်းရောင်းချခြင်းသဘောတူညီချက်ကတိစာချုပ်" အရ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဝယ်ယူရရှိထားသည့် အခန်း(၇၆)ခန်းနှင့် ယင်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဝါဝါဝင်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုထားသည့် (၂၈-၇-၂၀၁၆) ရက်စွဲပါ "ကြိုတင်ငွေပေးသွင်းစနစ်ဖြင့် တိုက်ခန်းရောင်းချခြင်းသဘောတူညီချက်ကတိစာချုပ်" အရ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဝယ်ယူရရှိထားသည့် အခန်း (၇၆)ခန်းနှင့် ယင်းတိုက်ခန်းများ၏ အကျိုးခံစားခွင့်အရပ်ရပ်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြိုးဖြိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၈၁/၁၅-၁၂-၂၀၁၆)**
**ရုံးခန်း-အမှတ်(၃၂၁)၊ မဟာဗန္ဓုလလမ်း၊ ရာဇဓိရာဇ်လမ်းနှင့် စန္ဒကူးလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-43206550**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၆၁/၆၃)၊ (၈)ထပ်တိုက်၏ (၅)လွှာ၊ (စတုတ္ထထပ်)၊ အကျယ်အဝန်း(၃၀ပေ x ၅၀ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီးအပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်သန်း[၁၂/လမတ(နိုင်)၀၁၁၁၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**
**ရုံးအမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၇)လမ်း၊ တိုက်အမှတ်(၁၁)၊ (၂)ခန်းတွဲ(၃ ၁/၂ /၅)ထပ်တိုက်အဆောက်အဦမှ (ဒါဘ/ခြေရင်းခန်း)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးမောင်မောင်နိုင်[၁၂/ကမတ(နိုင်)၀၇၁၉၁၆] ထံမှ ဦးဇော်လင်းအောင်[၁၂/မဘန (နိုင်)၀၉၉၅၆၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်လင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၅၁၁)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဒေါ်သန်းမြင့်[၁၂/လမန(နိုင်)၀၆၂၈၂]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးခွန်ပိုထူးကျော်[၁၃/တကန(နိုင်)၃၀၁၄၄၂] ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၆၅)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂ ၁/၂ x၅၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်နီနီဝင်း[၁၂/လမတ(နိုင်)၀၁၂၆၉၁]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၆)လမ်း၊ အမှတ်(၈၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း( ၁၂. ၆ x ၄၅ )ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်နုနုဝင်း[၂/ကမရ(နိုင်)၀၅၄၁၄၄] အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၁၀)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ/ဘီ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၅ x ၄၅) ပေခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ဝင်းမော် [၁၄/ဘကလ(နိုင်)၁၄၀၉၈၂]အား ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေ ထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၄၂၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထား နိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်
## အသက်(၉၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်အောက်လမ်းမကြီးနေ (ဦးမုကီ-ဒေါ်စန်းစော)တို့၏သမီး၊ (ဦးတော်တွန်း-ဒေါ်လန်ဟွာ)တို့၏ သမီးချွေးမ (ဦးစိန်ကြူ)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်စန်း-ဦးထွန်းလွင်၊ ဒေါက်တာ သိန်းနိုင်-ဒေါက်တာအေးအေးသိန်း(တော်ဝင်ဆေးရုံ)၊ ဒေါ်ခင်စိန်-ဒေါက်တာ ကျော်ဝင်း၊ ဦးသိန်းလင်း-ဒေါ်စန်းစန်းငွေ(More and More Gold and Jewellery)တို့၏ မွေးသမိခင်ကျေးဇူးရှင် မြေး(၁၄)ယောက်၊ မြစ်(၁၂)ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ခင်ခင်(ခ)ဒေါ်ကျင်ဟေး အသက်(၉၆)နှစ်သည် ၂၀-၁-၂၀၂၄(စနေနေ့)နံနက် ၆:၃၀ နာရီတွင် တော်ဝင်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီး ၂၁-၁-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၃ နာရီတွင် တော်ဝင်ဆေးရုံမှ မုရောင်းကြန့် တိတ်သုသာန်သို့ ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသုဘရှု ကြွရောက်တော်မူပါရန်နှင့် [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင် သူမြတ်တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည် ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်တော်မူပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူသား သမီး
မြေးမြစ်တစ်စု

## ဒေါ်ကေသီနိုင်(ခ)ဒေါ်ခင်သန်းဆင့်
### B.A.D.T.BED
### အ.ထ.က(၁)လသာ၊ အ.ထ.က(၂) ဗဟန်း၊
### အ.ထ.က(၃) တောင်ဥက္ကလာပ၊ အ.ထ.က(၂) ရန်ကင်း(ငြိမ်း)
## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းလမ်းမကြီး၊ ၂၇၅(A)၊ အခန်း ၁၂ နေ (ဦးသန်းနိုင်-ဒေါ်ဆင့်ဆင့်)တို့၏ သမီးကြီး၊ (ဒေါ်မိမိနိုင်)၊ ဦးအောင်မျိုးနိုင်၊ ဦးသိန်းထွန်း-ဒေါ်စန္ဒာနိုင်(မစဘ-ငြိမ်း)၊ ဦးဝင်းနိုင်(အသေးစားစက်မှုလက်မှု ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်မိုးမိုး၊ (ဒေါ်သီတာနိုင်)၊ ဦးဇင်နိုင်(ဒုရဲမှူးကြီး-ငြိမ်း)- ဒေါ်ပပ တို့၏ အစ်မဖြစ်သူသည် ၁၉-၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁- ၂၀၂၄ ရက်တွင် အထက်ပါနေ့အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်လေးနုအောင် (သန်လျင်)
## ရွှေမိ(ဆေး-၁)
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ်(၃၄)၊ တတိယထပ်နေ(ဦးလှအောင်- ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးလွင်-ဒေါ်ညွန့်ဝေ) တို့၏သမီးချွေးမ၊ ဦးမျိုးတင့် (ဒု-ညွှန်မှူး-ငြိမ်း)MPPE ၏ဇနီး၊ ဦးမျိုးစည်သူအောင်(CE-Uniteam Marine)-ဒေါ်ရည်မွန်၊ (ဦးမျိုးကြည်ဖြူအောင်)-ဒေါ်အေးငြိမ်းစံ(Tokyo-Japan)တို့၏ မွေးသမိခင်၊ မောင်ရောလင်းသန့်၊ မလင်းလွန်းဝတီ၊ မမြယွန်းဟေသီ တို့၏ချစ်လှစွာသောအဘွားသည် ၂၀-၁-၂၀၂၄ရက်(စနေနေ့)ညနေ ၃:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးဇော်ဝင်း
# အငြိမ်းစားတရားသူကြီး (မန္တလေး)
# အသက် (၈၀)နှစ်

ရန်ကုန်မြို့နေ[ဦးသင်းမောင်(အငြိမ်းစားရုံပိုင်ကြီး)-ဒေါ်စိန်စိန်]တို့၏ သားကြီး၊ [ဦးမောင်မောင်ကြီး (အငြိမ်းစား၊ မြို့နယ်ပညာရေးမှူး)]-ဒေါ်ခင်စန်းရီ၊ ဦးမျိုးသိန်း(အငြိမ်းစား၊ MOGE)-ဒေါ်ခင်စိုးရီ (Lion Myanmar Intl' Co., Ltd )တို့၏ ချစ်လှစွာသောမောင်၊ [ဦးမြင့်လွင်(အငြိမ်းစား၊ ရုံးအဖွဲ့မှူး၊ လယ်/သစ်ဝန်ကြီးဌာန)]-ဒေါ်အေးအေး(အငြိမ်းစား၊ ပင်စင်ဦးစီး)၊ [ဦးတင်ဝင်း(အငြိမ်းစား၊ လူဝင်မှုကြီးကြပ်ရေး)-ဒေါ်ခင်စန်းရီ]၊ [ဦးချိုထွန်း(အငြိမ်းစား၊ ခရိုင်အုပ်ချုပ်ရေးမှူး)]-ဒေါ်မိုးမိုးသက်(အငြိမ်းစား-စာရင်းစစ်ရုံး)၊ ဒေါက်တာဝင်းမြင့် (အငြိမ်းစား-ဆိပ်ကမ်းဆရာဝန်ကြီး)-ဒေါ်ဝေဝေလွင်၊ ဦးသိန်းလွင်(Super One)-ဒေါ်ဥမ္မာသင်း(အငြိမ်းစား၊ ဒုညွှန်မှူး၊ စာရင်းစစ်ချုပ်ရုံး)၊ Mr. Andrew Robson -ဒေါ်ခင်မူမြင့်(Sydney Australia)၊ (ဦးနေဝင်း)- ဒေါ်သီတာအေး၊ (ဦးအောင်မင်း)-ဒေါ်ခင်စန်းရီ၊ဒေါ်နီနီသင်း(အထပြ ဆရာမ၊ အထက-၅ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးဇော်ဝင်း(အငြိမ်းစားတရားသူကြီး၊ မန္တလေး)သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် နံနက် ၁၁ နာရီခန့်တွင် မန္တလေးမြို့ ရှိနေအိမ်၌ ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

## ဦးငွေမောင်
### B.Sc,M.Sc(Q)
### ယခင်စိန်ပေါ်ကျောင်းဆရာ
### တ/ဥက္ကလာ အထက(၁) အထပြ
## အသက်(၈၀)နှစ်

မုံရွာမြို့၊ ဦးဖိုးမူ(ကြယ်သုံးလုံး ပဲခွဲစက်)-ဒေါ်ခင်ညွန့်တို့၏သားကြီး၊ ရန်ကုန်မြို့၊(၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ လှရိပ်ငြိမ်ခြံ၊ ၁၄၈(က)(၁)နေ ဒေါ်လှသန်း (အငြိမ်းစားကထိက)၊စီးပွားရေး တက္ကသိုလ်၊ရန်ကုန်၏ ခင်ပွန်း၊ ဦးသန်းစိန်(MOBဘဏ်)-ဒေါ်နှင်းနှင်းဦး၊ဒေါက်တာသက်နိုင်ထွန်း-ဒေါက်တာ သင်းသင်းငွေ တို့၏ မွေးဖခင်၊ မချမ်းမြေ့၊ မောင်ဘုန်းခန့်၊ မောင်မြတ်သူရသန်းတို့၏ ဘိုးဘိုးကြီး ဦးငွေမောင်သည် ၂၀-၁-၂၀၂၄ရက် (စနေနေ့)မွန်းလွဲ ၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍၂၆-၁-၂၀၂၄ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ ရန်ကုန်မြို့၊(၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ လှရိပ်ငြိမ်ခြံ၊ ၁၄၈(က)(၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၂၇)၊ မြေကွက်တည်နေရာအမှတ်(၁၂၇)၊ (၂)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ရွှေ [၁၂/ဥကတ(နိုင်)၀၁၀၇၅၆] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရွှေ(မိခင်)နှင့် ဦးညိုမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးသန်းထွန်း [၁၂/သဃက(နိုင်)၀၂၃၇၂၇]၊ ဒေါ်ဝင်းဝင်းနွဲ့ [၁၂/ဥကတ(နိုင်)၀၁၀၅၈၆]၊ ဒေါ်ကြည်ကြည်စိန်[၉/လဝန(နိုင်)၀၀၅၂၂၈]၊ ဒေါ်အုန်းကြည် [၁၂/ဥကတ(နိုင်)၀၁၀၇၅၇]၊ ဦးသိန်းအောင် [၁၂/ဥကတ(နိုင်)၀၁၀၆၁၂]၊ ဒေါ်သန်းသန်းဝင်း [၁၂/ဥကတ(နိုင်)၀၁၀၇၅၉]၊ ဒေါ်အေးအေးသန်း(ခ)စန္ဒာမြင့် [၁၂/ဥကတ(နိုင်)၀၁၀၇၆၁]၊ တို့မှ သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း တို့တင်ပြ၍ ဦးသန်းထွန်းမှ ကိုယ်တိုင်နှင့် ကျန်အမွေဆိုင်များထံမှ GP ရယူ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံ လျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၆)နှင့်(၇)ရှိ ဘဏ်ချေးမြေပုံပြန်လည်အပ်နှံနိုင်ခြင်းမရှိခြင်းနှင့် ပတ်သက်၍ ရောဝတီဘဏ် တောင်ဥက္ကလာပ(၂)ပါရမီဘဏ်ခွဲမှ ချေးငွေအာမခံ အမည်ပေါက်ပြောင်းလဲခြင်းအတွက် သား/သမီး များဖြစ်သူမှ မြေပုံကူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိ ထောက်ခံစာ တင်ပြလာပါသဖြင့် ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရန်နိုင်လင်း(တေဇ ၂၃)
## အသက်(၅၁)နှစ်

တေဇ(၂၃)မှ ဦးရန်နိုင်လင်းသည် ၁၉-၁-၂၀၂၄ ရက်နေ့တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရ ပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း။

**တေဇ(၂၃) သူငယ်ချင်းများ**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးကိုဦး(၁)
### လက်ထောက်အကောက်ခွန်မှူး
## အသက်(၆၇)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၁၂၅၆) ဦးကိုဦး(၁) သည် ၁၉-၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၂၄ရက် နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ လှိုင်မြစ်လမ်းသွယ် (၁)လမ်း၊ အမှတ်(၇/က)၊ ပထမထပ်ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၆ ပေ x အနံ ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းသူ [၁၀/မလမ (နိုင်)၂၂၉၀၆၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉/၂၀၁၆)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၇၄၇၉၆၊ ၀၉-၄၅၀၀၂၇၈၃၃**

## (တိုက်ခန်း)ကြိုပို့င့် ဝယ်ယူခြင်းအပေါ် ကန့်ကွက်နိုင်ပါသည်

သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ပိုင်း၊ ကြီးပွားရေးရပ်ကွက်၊ အောင်စကြာလမ်း၊ မြေကွက်အမှတ်-၅၆၃/ခ၊ ဦးဘိုမောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ပါ မြေအကျယ် ပေ (၃၀x၆၀)ပေါ်တွင် ဆောက်လုပ်ဆဲ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တိုက်ကိုမျက်နှာမူလျှင်ညာဘက်ခြမ်း)၊ ဒုတိယထပ် ၃ လွှာဟုခေါ်တွင်သည့် တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်လွင်[၁၂/သဃက(နိုင်)၁၄၇၈၄၄](မြေရှင်)+ ဦးအောင်ကိုကို [၁၂/မဂတ(နိုင်)၀၈၂၆၇၀](ကန်ထရိုက်တာ)တို့မှပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးကျော်လွင်+ဦးအောင်ကိုကိုတို့၏ သတ်မှတ်သည့်စရန်ငွေများကို ဦးကောင်းချစ်ဖြူ[၁၂/လသယ(နိုင်)၀၅၂၃၅၂]မှ(၁၉-၁-၂၀၂၄)ရက်စွဲပါ "တိုက်ခန်းကြိုပို့င့်အရောင်းအဝယ်အရစ်ကျပေးချေသည့်စာချုပ်" ကိုချုပ်ဆို၍ ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ ရက်(၃၀)အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူးများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား သတ်မှတ်သည့်အရစ်ကျငွေများကို ထပ်မံပေးချေ၍ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးကောင်းချစ်ဖြူ၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေ(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)(၂၀-၇-၁၉၉၈)**
**ရုံး(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း(၂)လမ်း၊ အမှတ်-(၁၈)၊ ပဉ္စမထပ်၊ ၆-လွှာ(ဘီ) ဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်ထွန်း [၁၂/ဥကမ(နိုင်)၂၂၈၃၆၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ထိုတိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B, D.B.L (စဉ်-၁၂၈၁၈/ ၂၀၁၇ ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၁၅/အေ)၊ မြေကွက်တည်နေရာအမှတ်(၁၁၅/အေ)၊ (၂)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ရွှေ(AA-086573)အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရွှေ(မိခင်)နှင့် ဦးညိုမောင်(ဖခင်) တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးသန်းထွန်း [၁၂/သဃက(နိုင်) ၀၂၃၇၂၇]၊ ဒေါ်ဝင်းဝင်းနွဲ့[၁၂/ဥကတ(နိုင်)၀၁၀၅၈၆]၊ ဒေါ်ကြည်ကြည်စိန်[၉/လဝန(နိုင်)၀၀၅၂၂၈]၊ ဒေါ်အုန်းကြည် [၁၂/ဥကတ(နိုင်)၀၁၀၇၅၇]၊ ဦးသိန်းအောင် [၁၂/ဥကတ(နိုင်)၀၁၀၆၁၂]၊ ဒေါ်သန်းသန်းဝင်း [၁၂/ဥကတ(နိုင်)၀၁၀၇၅၉]၊ ဒေါ်အေးအေးသန်း(ခ)စန္ဒာမြင့် [၁၂/ဥကတ(နိုင်)၀၁၀၇၆၁]တို့မှ သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ဦးသန်းထွန်းမှကိုယ်တိုင်နှင့် ကျန်အမွေဆိုင်များထံမှ GPရယူ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံ လျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၃)နှင့်(၄)ရှိ ဘဏ်ချေးမြေပုံပြန်လည် အပ်နှံနိုင်ခြင်းမရှိခြင်းနှင့် ပတ်သက်၍ ရောဝတီဘဏ် တောင်ဥက္ကလာပ(၂)ပါရမီဘဏ်ခွဲမှ ချေးငွေအာမခံ အမည်ပေါက်ပြောင်းလဲခြင်းအတွက် သား/သမီးများဖြစ်သူမှ မြေပုံကူးလျှောက်ထားခြင်းကို ကန့်ကွက်ရန်မရှိ ထောက်ခံစာတင်ပြလာပါသဖြင့် ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၁၈)၊ မြေကွက်တည်နေရာအမှတ်(၁၁၈)၊ (၂)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ရွှေ[၁၂/ဥကတ(နိုင်)၀၁၀၇၅၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ရွှေ(မိခင်)နှင့် ဦးညိုမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးသန်းထွန်း [၁၂/သဃက(နိုင်)၀၂၃၇၂၇]၊ ဒေါ်ဝင်းဝင်းနွဲ့[၁၂/ဥကတ(နိုင်)၀၁၀၅၈၆]၊ ဒေါ်ကြည်ကြည်စိန်[၉/လဝန(နိုင်)၀၀၅၂၂၈]၊ ဒေါ်အုန်းကြည် [၁၂/ဥကတ(နိုင်)၀၁၀၇၅၇]၊ ဦးသိန်းအောင် [၁၂/ဥကတ(နိုင်)၀၁၀၆၁၂]၊ ဒေါ်သန်းသန်းဝင်း [၁၂/ဥကတ(နိုင်)၀၁၀၇၅၉]၊ ဒေါ်အေးအေးသန်း(ခ)စန္ဒာမြင့် [၁၂/ဥကတ(နိုင်)၀၁၀၇၆၁]၊ တို့မှ သား/သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ဦးသန်းထွန်းမှကိုယ်တိုင်နှင့် ကျန်အမွေဆိုင်များထံမှ GP ရယူ၍ ပိုင်ဆိုင်+စွန့်လွှတ်မြေပုံ လျှောက်ထားလာပါသည်။ မြေစာရင်းမှတ်ချက်(၆)နှင့်(၇)ရှိ ဘဏ်ချေးမြေပုံပြန်လည်အပ်နှံနိုင်ခြင်းမရှိခြင်းနှင့် ပတ်သက်၍ ရောဝတီဘဏ် တောင်ဥက္ကလာပ(၂)ပါရမီဘဏ်ခွဲမှ ချေးငွေအာမခံ အမည်ပေါက်ပြောင်းလဲခြင်းအတွက် သား/သမီးများဖြစ်သူမှ မြေပုံကူးလျှောက် ထားခြင်းကို ကန့်ကွက်ရန်မရှိ ထောက်ခံစာတင်ပြလာပါသဖြင့် ပိုင်ဆိုင်ကြောင်း နှင့်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်း အပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

**သင့် သွေး ဖြင့် အသက် ကယ်ပါ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ် လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ဒီဇယ်စက်ခေါင်းပြင် စက်ရုံ(မလွကုန်း)စက်ရုံအစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**ဂျပန်နိုင်ငံက လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်သည့် ပဉ္စမမြောက် နိုင်ငံဖြစ်လာ**

စာမျက်နှာ » ၁၃

**မိုးကုတ်မြို့နယ် ပိန်းပြစ်ရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ပြည်သူနှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

## လက်ရှိချန်ပီယံ ဆီနီဂေါ်အသင်း အာဖရိကနိုင်ငံများဖလား (၁၆)သင်းအဆင့် တက်လှမ်း



ဆီနီဂေါအသင်းနှင့် ကင်မရွန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဖရိကနိုင်ငံများဖလား လက်ရှိချန်ပီယံ ဆီနီဂေါ်အသင်းဟာ ဇန်နဝါရီ ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလား အုပ်စု(C)ရဲ့ ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကင်မရွန်းအသင်းနဲ့ ပွဲစဉ်မှာ ကင်မရွန်းအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

**ဂိုးသွင်းယူပေးခဲ့**

အဆိုပါပွဲစဉ်မှာ ဆီနီဂေါအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၆ မိနစ်မှာ အစ္စမေလာဆားက တစ်ဂိုး၊ ၇၁ မိနစ်မှာ ဒီယယ်လိုက တစ်ဂိုးနဲ့ သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ ဆာဒီယိုမာနေးက တစ်ဂိုး သွင်းယူပေးခဲ့ပြီး ကင်မရွန်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၈၃ မိနစ်မှာ ကက်စတယ်လက်တိုက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲတွင် VUC အသင်း ၁၁ ပွဲဆက် အနိုင်ရ



VUC အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇန်နဝါရီ ၂၀

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း ၁၁ ပွဲဆက် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၁) တွင် VUC အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-ဂိုးမရှိ၊ Winner Soccer အသင်းက ဖူဆယ်ချစ်သူအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ MIU အသင်းက လင်းလက်အသင်းကို လေးဂိုး-တစ်ဂိုး၊ Futsal-19 အသင်းက Dream Team အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ Generations အသင်းက M2K အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၁၁) အပြီးတွင် VUC အသင်းက ရမှတ် ၃၃ မှတ်ဖြင့် ဦးဆောင်နေပြီး MIU အသင်းက ၂၅ မှတ်၊ Winner Soccer အသင်းနှင့် Generations အသင်းတို့က ၂၃ မှတ်စီ၊ Futsal-19 အသင်းက

စာမျက်နှာ ၂၂ ကော်လံ ၅ သို့ ❍

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် မြဝတီကို အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၂၀ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် မြဝတီအသင်းနှင့် ခြေစမ်းကစားရာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❒



မြန်မာ့လက်ရွေးစင်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။